# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၃၀ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၇)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✱ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✱ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်

နေပြည်တော် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်သည် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း (၁၈)ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂ(အီးယူ)ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်

## မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် မေ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စပိန်နိုင်ငံ မဒရစ်မြို့၌ မေ ၂၅ရက်မှ ၂၆ရက်အထိ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂ (အီးယူ) ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ နံနက်ပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

# ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေသည့် ဧရာဝတီတိုင်း ကံကြီးတံတား

ရန်ကုန် မေ ၂၉

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးမှာ အထူးလိုအပ်လှပေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါမှ ဒေသဖွံ့ဖြိုးတိုးတက်ပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာကာ ဒေသခံတို့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် နိုင်ငံတော်မှ လမ်းတံတားများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ တစ်နိုင်ငံလုံး ကွန်ရက်သဖွယ် ဖြစ်ပေါ်နေပြီဖြစ်သည်။ မြစ်ချောင်းအင်းအိုင်ပေါများသည့် ဧရာဝတီတိုင်းရှိ ကံကြီးတံတားကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၅ရက်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●


သတင်းမှတ်စု နန္ဒရီနှင့် တင်မာဝင်း

ဓာတ်ပုံမှတ်တမ်း မြန်မာ့အလင်း

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် မေ ၃၀ ရက်)

# ရေသယံဇာတများ ရေရှည်ဖြစ်ထွန်းရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် သဘာဝကပေးထားသည့် မြေသယံဇာတ၊ ရေသယံဇာတ အရင်းအမြစ်များဖြင့် ဖြစ်တည်လျက်ရှိသည်။ ယင်းသဘာဝ အရင်းအမြစ်များကို အမှီသဟဲပြု၍ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

"ငါးရစ် ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"၊ "ဥနဲ့ငါးကို ပွားစေလို ငါးရစ်ဆိုမဖမ်းနှင့်" ဟူသော ဆောင်ပုဒ်အရ ငါးမျိုးမသုဉ်းရန်၊ ငါးစားသုံးမှု အခက်အခဲမရှိစေရန် ဝိုင်းဝန်းလိုက်နာ ကြရမည်ဖြစ်သည်။

ငါးရစ်တက်ငါးများကို ဖမ်းဆီးခြင်းဖြင့် ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးစေနိုင်သည်။ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဘေးမဲ့ပေးကြရမည် ဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေမြစ်အတွင်း ငါးသယံဇာတများ မျိုးမပြုန်းတီး စေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး၊ ပုစွန်မျိုးပွားချိန်ဖြစ်သော ၂၀၁၀ခုနှစ် ဇွန် ၁ရက်မှ ဩဂုတ် ၃၁ရက်အထိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် တားမြစ်ကာ သတ်မှတ်ထုတ်ပြန် ကြေညာထားသည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများအနေဖြင့် ရေသယံဇာတပစ္စည်းများကို စည်းစနစ်ကျနစွာ အသုံးချသွားရန်နှင့် ရေရှည်ဖြစ်ထွန်း နေစေရေးအတွက် တာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဦးအောင်သောင်း နေပြည်တော်အုတ်စက်ရုံစီမံကိန်း(မင်းကုန်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၇ရက် နံနက်ပိုင်းက မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း နေပြည်တော်အုတ်စက်ရုံစီမံကိန်း(မင်းကုန်း) သို့ ရောက်ရှိပြီး မြေကျေးစက်၊ မြေခွဲစက်၊ မြေကြိတ်စက်၊ မြေရောမွှေစက်တို့၏ စက်ကြံ့ခိုင်မှုနှင့် ဝန်ဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို လည်းကောင်း၊ မြေနယ်ညှစ်စက်၊ အုတ်စိမ်းဖြတ်စက်၊ အလိုအလျောက် အုတ်အစိမ်းစီစက်တို့၏ ဝန်ဖြင့် စမ်းသပ်ထုတ်လုပ်မှုအခြေအနေ၊ စက်များ၏ ကြံ့ခိုင်မှုနှင့် ထွက်ရှိလာသော အုတ်စိမ်းများ၏ အရည်အသွေးတို့ကိုလည်းကောင်း၊ ဥမင်မီးဖိုအတွင်းပိုင်း မီးခံအုတ်စီခြင်း လုပ်ငန်း၊ သတ်မှတ်ထားသော အပူချိန်ရရှိရန် လောင်စာကျောက်မီးသွေးမှုန့် ပေးပို့ဖြူးချပိုက်လိုင်းများနှင့် အပူပေးလိုင်းများ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အရည်အသွေးကောင်းမွန်သော အုတ်များ ထွက်ရှိရန်နှင့် သတ်မှတ်ရက်အတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နေပြည်တော် အုတ်စက်ရုံ စီမံကိန်း(မင်းကုန်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### အုတ်ချပ်ရေ သန်း ၅၀

အဆိုပါ နေပြည်တော်အုတ်စက်ရုံ (မင်းကုန်း)ပြီးစီးပါက နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အရည်အသွေးမီအုတ်များ တစ်နေ့လျှင် စက်အုတ်ချပ်ရေ ၁၅၀၀၀၀ ထွက်ရှိပြီး တစ်နှစ်လျှင် အုတ်ချပ်ရေ သန်းပေါင်း ၅၀ထွက်ရှိ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေပေးဝေ

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် အတွင်းရှိ အနီးကိုက်ကျေးရွာ၊ ထပ်ခနိန်ကျေးရွာ၊ ကန်ကုန်းကျေးရွာ နှင့် ရွှေကျီးပင်ကျေးရွာတို့မှ အိမ်ခြေ ၆၃၃ စုစုပေါင်းလူဦးရေ ၃၂၀၀ အတွက် မေ ၁၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးကြီးကြပ်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ သောက်သုံးရေပေးဝေကြစဉ်။**

(မြို့နယ်စည်ပင်)

## Garmin GPS များ ဖြန့်ဖြူးရောင်းချမည်

ရန်ကုန် မေ ၂၉

CONCORDIA Int'l Co.,Ltd. က Garmin အမှတ်တံဆိပ် GPS များကို ရေကြောင်းသုံး၊ လေကြောင်းသုံးနှင့် ကုန်းကြောင်းသုံးဟုခွဲခြား၍ တင်သွင်းဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပြီး နည်းပညာ ဆိုင်ရာများကိုလည်း ဖြန့်ဖြူးသွားမည် ဖြစ်သည်။

### တိုက်ရိုက်အသုံးပြုနိုင်

Garmin အမှတ်တံဆိပ် GPS များမှ ကုန်းကြောင်းသုံး GPS map 76 အမျိုးအစားမှာ မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊ မ·ပ·ည စနစ် တိုက်ရိုက်အသုံးပြုနိုင်ခြင်း၊ UTM မြေပုံ၌ တိုက်ရိုက်အသုံးပြုနိုင်ခြင်း၊ ဈေးနှုန်းသက်သာခြင်းနှင့် Oregon 550 GPS တွင်လည်း Colour မျက်နှာပြင်ဖြစ်ခြင်း၊ Micro SD Card ထည့်သွင်း အသုံးပြုနိုင်ခြင်း၊ Touch Screen ဖြင့် လွယ်ကူစွာအသုံးပြုနိုင်ခြင်း၊ ကင်မရာပါရှိ၍ မိမိ ရိုက်ကူးထားသော ဓာတ်ပုံ၌ တည်နေရာတွဲလျက်ပါရှိခြင်း၊ Barometric Altimeter ပါရှိခြင်းတို့ကြောင့် အမြင့်ပေအား မှန်ကန်စွာတိုင်းတာနိုင်ခြင်းနှင့် ရေကြောင်းသုံး GPS များတွင်လည်း GPS map 2008C မှာ ဈေးနှုန်းသက်သာခြင်း၊ မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊ ရှစ်လက်မ အရွယ်ဖြစ်ပြီး Colour မျက်နှာပြင်နှင့် ရေပုံ Chat ပါရှိခြင်း၊ တစ်ကမ္ဘာလုံး map နှင့် Radar စနစ်ပါရှိခြင်း၊ Sonar ဖြင့် ရေအနက်ပေ ၅၀၀၀ အထိကြည့်ရှုနိုင်ခြင်း၊ Way Points 5000 နှင့် လမ်းကြောင်း ၅၀ အထိ အသုံးပြုနိုင်ခြင်း၊ Radar စနစ်မှာလည်း ရေပိုင်နက် အချင်းဝက် ၃၆ မိုင်အထိ အသုံးပြုနိုင်ခြင်းနှင့် Radar ၏ ပုံသဏ္ဍာန်မှာလည်း အပိတ်ဖြစ်၍ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားခြင်းတို့အပြင် လေကြောင်းသုံး GPS map 96C တွင် ဂြိုဟ်တုဖမ်းနှုန်းမြင့်မားခြင်း၊ Colour မျက်နှာပြင်ဖြစ်ခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းအချက်အလက်များ၊ လေယာဉ်ပျံသန်းနိုင်သည့်နေရာနှင့် မပျံသန်းရသည့်နေရာ၊ Point (1000), Routes 50 ခု မှတ်သားနိုင်သောကြောင့်လေကြောင်း ခရီးသွားလာသူများအတွက် အသုံးဝင်ကြောင်း သိရသည်။

အထူးအစီအစဉ်ဖြင့် GPS ဆိုင်ရာ နည်းပညာများဖြန့်ဖြူးခြင်းကို အခမဲ့ ဝန်ဆောင်မှုပေးခြင်း၊ ရေကြောင်းသုံး GPS များကို ရန်ကုန်ဧရိယာအတွင်း တပ်ဆင်ပေးခြင်းနှင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၂၅ မြို့ပါဝင်သော မြေပုံကို GPS များတွင် ထည့်သွင်းခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

### ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံပလာဇာ 3rd & 5th Floor ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၀၁-၇၃၀၀၉၂၂၃၊ ၀၉-၅၀၀၅၉၁၂၊ မန္တလေးမြို့တွင် အမှတ်(၅) မြေညီထပ် SYအဆောက်အအုံလမ်း ၃၀ (၇၇လမ်းနှင့် ၇၈လမ်းကြား) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂ နှင့် နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၀၆၇-၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်သည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တရားသိလျက် အကျင့်ခက်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (အခြေခံသံတမန်ရေးရာ ကျွမ်းကျင်သင်တန်း အပတ်စဉ် ၂၃/၂၀၁၀ ၏ သရုပ်ပြညစာစားပွဲ အခမ်းအနား)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၁)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ Activities in the City [အထက (၄) တာမွေ မြတ်ဆရာပူဇော်ပွဲ]
- ၉:၀၀ မြတ်သောအလှူဆုထူးယူ
- ၉:၂၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀:၀၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁၀:၂၅ INAX Showroom ဖွင့်ပွဲ (နေပြည်တော်)
- ၁၀:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မချစ်ဘဲ မနေနိုင်ဘူး**
- ၁၁:၁၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
- ၁၁:၅၀ သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း
- ၁၂:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၈)
- ၁၂:၂၀ Activities in the City [အထက (၄) တာမွေ မြတ်ဆရာပူဇော်ပွဲ]
- ၁၂:၄၀ ဗီဒီယိုပြခန်း
- ၁:၀၀ **တရားသိလျက် အကျင့်ခက်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁)
- ၄:၁၅ INAX Showroom ဖွင့်ပွဲ (နေပြည်တော်)
- ၄:၃၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၄:၅၀ မြတ်သောအလှူဆုထူးယူ
- ၅:၁၅ အမျိုးသားများနှင့် ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဖို
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
- ၆:၅၀ Milestones of Contemporary Music Selection
- ၇:၁၀ ဗီဒီယိုပြခန်း
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁)
- ၁၀:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၈)
- ၁၀:၂၀ ရန်ကုန်မြင်ကွင်းကျယ် (အခြေခံသံတမန်ရေးရာကျွမ်းကျင်သင်တန်း အပတ်စဉ် ၂၃/၂၀၁၀၏ သရုပ်ပြညစာစားပွဲ အခမ်းအနား)
- ၁၀:၃၅ Milestones of Contemporary Music Selection
- ၁၀:၅၅ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
- ၁၁:၁၀ သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း
- ၁၁:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မချစ်ဘဲမနေနိုင်ဘူး**
- ၁၁:၄၅ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဇီးဖြိုး၊ (ဒါရိုက်တာ- ကြည်စိုးထွန်း)
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်အား ZTE Corporation မှ Vice President လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation မှ Vice President Mr. Luo Ping Fan သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**တက်ရောက်အားပေး**

ညနေပိုင်းတွင် ဝန်ကြီး ဦးသိန်းဇော်သည် မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသော ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် Asia Mega Link ကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် Asia Mega Link ကုမ္ပဏီနှင့် ZTE Corporation တို့ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ခံများ တက်ရောက်ခဲ့ပြီး ZTE Corporation မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် လိုင်းအင်အား(၂၀၀၀၀)အသုံးပြုနိုင်သော CDMA-450 စနစ် BTS (၁၀)စုံ ဆက်သွယ်ရေးစက်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# TV Guide စာစောင် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၂၉**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၃)ကို ယမန်နေ့က ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်၌ ဇွန် ၇ရက်တွင် ကျင်းပမည့် MTV Awards ဆုပေးပွဲအကြောင်း၊ Twilight ရုပ်ရှင် အဆက်ဖြစ်သည့် Eclipse ကားအကြောင်းပြသမည့် MTV at the Movies အစီအစဉ်၊ ကလေးများအတွက် Cartoon Network တွင် ပြသမည့် Barbie as Rapunzel ကာတွန်းကား၊ Star World တွင်ပြသမည့် Celtic Woman TV Special အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင်ကြည့်ရမည့် Animal Planet's Most Outrageous၊ Animal Winter Games အစီအစဉ်များ၊ Travel & Living ရုပ်သံလိုင်းတွင်ပြသမည့် ကမ္ဘာ့အကောင်းဆုံးနေရာ ၁၁ခုအကြောင်း၊ ဘာစီလိုနာမြို့အကြောင်း၊ NGC တွင် မြန်မာစကားပြော/စာတန်းထိုးဖြင့်ကြည့်ရမည့် Afghan ER၊ Zhang Ziyi's Oman အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် Did the Mob Kill JFK?၊ ဖိလစ်ပိုင်နိုင်ငံ၏ မြို့တွင်းသယ်ယူပို့ဆောင်ရေးမှ ကားများအကြောင်း၊ ESPN နှင့် Star Sport ရုပ်သံလိုင်းတွင်ပြသမည့် NBA Final 2009/2010၊ လူငယ်များအင်္ဂလိပ်စာအရည်အသွေးအတွက် ကြည့်ရှုသင့်သည့် National Spelling Bee နှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်များ၊ ပရိသတ်များအတွက် လက်ဆောင်များရယူနိုင်မည့် ဉာဏ်စွမ်းပဟေဠိစာမျက်နှာ၊ Lဆိုင်းဇီရဲ့ ဝေခွဲမရပါလား စီးရီးသစ်အကြောင်း ထုတ်လွှင့်မည့် Mandalay FM၊ MRTV-4 တွင် ကြည့်ရမည့် ဦးဆုံးအစ ဘဝရဲ့အလှမှာ ချစ်စနိုးဦး၊ ဇွန်လဆန်းတွင် ပြသတော့မည့် MRTV-4 ကိုရီးယားဇာတ်လမ်းတွဲသစ်အကြောင်းများ ပါဝင်ပြီး ၁၅ရက်စာ အစီအစဉ်ဇယားများ ပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို ရောင်းဈေး ကျပ် ၅၀၀ဖြင့် Novel Light စာပေဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၃၀-၅-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၈)
၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်စစ်အတွက် လိုအပ်ချက်**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၉)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ **ပြောမိတဲ့အဖြစ်ရယ်ကြောင့်** ထွန်းထွန်းဝင်း၊ချိုပြုံး၊ မိုးထက်ပိုင်၊မေဟသ်ာ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၁၄)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၁)
၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၃၁)

# အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀တွင် CROWN Electronic ပြခန်း ခင်းကျင်းပြသ

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ရက်မှ ၃၀ရက်အထိ ပြသလျက်ရှိသည့် အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀တွင် CROWN ELECTRONIC အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုးကို ပြသလျက်ရှိသည်။ **(အောက်ပုံ)**

**အထူးလျှော့ဈေး**

CROWN ELECTRONIC ပြခန်းတွင် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော TV, EVD , AMPLIFIER, Portable, SPEAKER များကို အထူးလျှော့ဈေးဖြင့် အာမခံ နှစ်နှစ်၊ သုံးနှစ်ဖြင့် ရောင်းချနေပြီး အင်ဒိုနီးရှားနိုင်ငံ dat အမှတ်တံဆိပ် SPEAKER အမျိုးမျိုးတို့ကို ဖြန့်ချိရောင်းချနေသည်။

**ရောင်းချ**

ပစ္စည်းများကို ၁၀ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချနေသည်။ ၄င်းအပြင် CROWN ELECTRONIC ပစ္စည်းအမျိုးမျိုးကို မိုးရာသီ အထူးဈေးရောင်းပွဲတော်အဖြစ် (လေဟာပြင်)ရှိ City Centre တွင် မေ ၂၅ရက်မှ ဇွန် ၁၅ရက်အထိ ခင်းကျင်းပြသရောင်းချနေသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ထို့အပြင် LCD ၊ AirCooler၊ ပန်ကာများ၊ မီးပူနှင့် ထမင်းပေါင်းအိုးများကို အာမခံများဖြင့် ဈေးကွက်အတွင်း ဆက်လက်ဖြန့်ချိမည်ဖြစ်ကြောင်း၊ CROWN ရုံးချုပ် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်အနီး အမှတ် (၄၀၇)ဖုန်း-၂၉၉၇၃၂နှင့် ၃၈၆၅၀၈ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မေ ၂၈ရက်က ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း မီးဘေးသင့်ခဲ့သော မင်္ဂလာဈေးမှ ဈေးသူ ဈေးသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြို့တော်စည်ပင်)

# ဗီယက်နမ်-မြန်မာပူးတွဲလုပ်ငန်းရုံးခန်း ငါးလုပ်ငန်းအဖွဲ့ချုပ်၌ဖွင့်လှစ်

**ရန်ကုန် မေ ၂၉**

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေး(၃၅)နှစ်မြောက်အထိမ်းအမှတ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာနိုင်ငံတွင် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံမှ ပုလဲနဒီကုမ္ပဏီလီမိတက်နှင့် ဗီယက်နမ်နိုင်ငံမှ Vinashin Vung Tau JSC ကုမ္ပဏီလီမိတက်တို့၏ ပူးတွဲလုပ်ငန်းရုံးခန်းဖွင့်ပွဲ၊ အအေးပိုင်းငါး (Sturgeon) မွေးမြူခွင့်လိုင်စင်နှင့် သားဖောက်ထုတ်လုပ်ခွင့်လိုင်စင် ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chu Cong Phung နှင့် တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗီယက်နမ် VIDB ဘဏ်မှ တာဝန်ရှိသူများ၊ Viettel ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ဗီယက်နမ်အဲလိုင်းမှ တာဝန်ရှိသူများ၊ ပုလဲနဒီကုမ္ပဏီနှင့် Vinashin Vung Tau JSC ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် သံအမတ်ကြီး Mr. Chu Cong Phung ၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်ကိုယ်စား ဗီယက်နမ် အဖွဲ့ကို ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် သံအမတ်ကြီး Mr. Chu Cong Phung၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက အအေးပိုင်းငါးမွေးမြူခွင့်လိုင်စင်နှင့် သားဖောက်ခွင့်လိုင်စင်တို့ကို ပုလဲနဒီကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းအောင်ထံ ပေးအပ်သည်။

**ထုတ်လုပ်မည်**

အဆိုပါလုပ်ငန်းမှ မိုးဖြဲဆည်နှင့် ဘီလူးချောင်းများအတွင်း အအေးပိုင်းငါးကို မွေးမြူသားဖောက် ထုတ်လုပ်မည်ဖြစ်ပြီး ထွက်ရှိလာမည့် ငါးဥမှာ တစ်ကီလို ဒေါ်လာ ၅၀၀မှ ၁၀၀၀အထိ တန်ဖိုးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

● ရှေ့ဖုံးမှ

**ကံကြီးတံတား**

ကံကြီးတံတားသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲ-ကံကြီး-မြောင်းမြ လမ်းပေါ်၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး လွန်တူးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ စုစုပေါင်း ပင်မတံတားအရှည်မှာ ပေ ၂၀၀ရှိသည်။

**ပို့ဆောင်နိုင်**

ကံကြီးတံတား ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းမှ ထွက်ရှိသည့် ရေထွက်ကုန်များနှင့် ဆန်၊ စပါးတို့ကို ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ကွန်ရက်သဖွယ် ဖောက်လုပ်ထားသည့်လမ်းများမှ တစ်ဆင့် ပို့ဆောင်နိုင်ပြီဖြစ်ရာ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများ၌လည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမေရိကန်သမ္မတအိုဘားမား

# သမ္မတအိုဘားမားနှင့်အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးမည်

ဂျေရုဆလင် မေ ၂၉

**အမေရိကန်သမ္မတအိုဘားမားနှင့်တွေ့ဆုံရန် လာမည့်ရက်သတ္တပတ်အတွင်း ဝါရှင်တန်မြို့သို့ လာရောက်ပါရန် ဖိတ်ကြားထားခြင်းကို အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက လက်ခံလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် မေ၂၈ရက်၌ ဖော်ပြသည်။**

အမေရိကန်သမ္မတ အိမ်ဖြူတော် ရောက်ရှိနေစဉ် အစ္စရေးဝန်ကြီးချုပ်အား ဖိတ်ကြားလိုက်ခြင်းဖြစ်သည်။ အစ္စရေးနှင့် အရာရှိချုပ်ရမ်အီမာနျူး ဂျေရုဆလင်သို့ အမေရိကန်နိုင်ငံသို့ လာရောက်ပါရန် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တင်းမာသည့် မတ်လနောက်ပိုင်းတွင် အမေရိကန် သမ္မတအိုဘားမားနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ယခုတွေ့ဆုံမည့် ထိပ်သီး အစည်းအဝေးသည် ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။

### ထုတ်ပြန်ကြေညာ

ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်သည် အမေရိကန်နိုင်ငံသို့ ဇွန်လတွင် လာရောက်လည်ပတ်မည်ဖြစ် သည်ဟု အမေရိကန်သမ္မတ အိမ်ဖြူတော် က ထုတ်ပြန်ကြေညာလိုက်သည်။

(အင်တာနက်)

# ဘရာဇီးနှင့်တူရကီ ခေါင်းဆောင်များ အီရန်နျူကလီးယား ပြဿနာဆွေးနွေးမည်

ဘရာဆီးလီးယား မေ ၂၉

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားနှင့် တူရကီဝန်ကြီးချုပ် အာဒိုဂန်တို့သည် အီရန်နှင့်ပတ်သက်ပြီး ဖြေရှင်းမှု မပြုရသေးသောပြဿနာအချို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက မေ၂၈ရက်၌ ပြောကြားသည်။

### ပြောကြား

အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု ရှောင်ရှားနိုင်ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို ခေါင်းဆောင်နှစ်ဦး ဆွေးနွေးကြမည်ဟု ပြောရေးဆိုခွင့်ရှိသူ ဘွမ်ဘက်က ပြောကြားသည်။

အီရန်က ယူရေနီယံဖလှယ်ရေးသဘော တူညီချက်၏ တစ်စိတ်တစ်ပိုင်းကိုတာဝန် ယူဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီသို့ အသေးစိတ်အကြောင်း ကြားပြီးဖြစ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။ (အင်တာနက်)

# ဂါဇာကမ်းမြောင်သို့ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများပိတ်ဆို့ရန် အစ္စရေးစီစဉ်

တဲလ်အဗစ် မေ ၂၉

သုံးနှစ်ကြာဂါဇာကမ်းမြောင်ပိတ်ဆို့မှုကို ဖြိုခွဲရန်ကြိုးပမ်းသည့် ဖရီးဒမ်ဖလုတ်တီလာသင်္ဘောအုပ်စုကို ရပ်ဆိုင်းရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မေ၂၈ရက်၌ ပြောကြားသည်။

### ပိတ်ဆို့ထား

တူရကီနိုင်ငံမှ မေ ၂၂ရက်က ဂါဇာကမ်းမြောင်သို့ ဦးတည်ထွက်ခွာသည့် သင်္ဘောရှစ်စင်းအုပ်စုသည် ဆောက်လုပ်ရေးပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၁၀၀၀၀ ကျော်ကိုသယ်ဆောင်သွားခြင်း ဖြစ်သည်။ ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုကြောင့် အစ္စရေးက ယင်းဒေသသို့ အဆိုပါ ထောက်ပံ့ရေး ပစ္စည်းများ သယ်ယူခွင့်မပြုပေ။

### သယ်ဆောင်

ကုန်တင်သင်္ဘောများသည် ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ပြတင်းပေါက်ကျည်း ပေါင်များ၊ ကျောင်းသုံးစာအုပ်ရိုက်နှိပ်ရန် စက္ကူများ၊ ကလေးကစားစရာပစ္စည်းများ၊ လျှပ်စစ်ဘီးတပ်ကုလားထိုင် များနှင့် ဆေးဝါးပစ္စည်းများကို သယ်ဆောင်လာခြင်းဖြစ်သည်ဟု စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ ဂရီတာဘာလင်က ပြောကြားသည်။ (အင်တာနက်)

ဂါဇာသို့ ထောက်ပံ့ရေးပစ္စည်းများပေးပို့မည့် တူရကီသင်္ဘော ဗာဗီမာမာရာကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ဆိပ်ကမ်း၌ မေ၂၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

# ပီရူးနှင့်ဟွန်ဒူးရပ်စ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုး

လီမာ မေ ၂၉

ဟွန်ဒူးရပ်စ်သမ္မတ ပေါ်ဖီရီယိုလိုဘိုသည် ပီရူးနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် အတွင်း နှစ်နိုင်ငံဆိုင်ရာ သဘောတူညီချက်များကို မေ၂၈ရက်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

### တက်ရောက်

ဟွန်ဒူးရပ်စ်နှင့် ပီရူးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပီရူးသမ္မတ အလန်ဂါဆီယာ၊ ပီရူးနိုင်ငံခြားရေးဝန်ကြီး ဂျိုဆေးဂါဆီယာဘီလောင်ဒီနှင့် ဟွန်ဒူးရပ်စ် နိုင်ငံခြားရေးဝန်ကြီး မာရီယိုကင်နော့တီတို့ တက်ရောက်ကြသည်။

### ဆက်ဆံရေး

အဆိုပါ သဘောတူညီချက်များတွင် မူးယစ်ဆေးဝါးကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် မှတ်တမ်းမှတ်ရာများနှင့် ဖိုင်တွဲများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ပါဝင်သည်။ ဟွန်ဒူးရပ်စ်သမ္မတ၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည်ဟု လိုဘိုက ပြောကြားသည်။ (အင်တာနက်)

# ဝေရက်တောင်ထိပ် နွေဦးတောင်တက်ရာသီ မေ ၂၅ရက်က ပြီးဆုံးသွားပြီ

*ခတ္တမန္တူ မေ ၂၉*

*ကမ္ဘာ့အမြင့်ဆုံးဝေရက်တောင်ထိပ်၌ တောင်တက်သမားဉ၄၇ဦးနှင့်အတူ နွေဦးတောင်တက်ရာသီမှာ မေ၂၅ရက်က ပြီးဆုံးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် မေ၂၈ရက်၌ ဖော်ပြသည်။*

### *ရရှိ*

*နီပေါနိုင်ငံဘက်မှတက်ရောက်သည့် တောင်တက်သမားဉ၄၇ဦးတွင် နိုင်ငံခြားသား တောင်တက်သမား၁၅၇ဦးနှင့် နီပေါနိုင်ငံသားတောင်တက်သမား ၁၉၀တို့ပါဝင်သည်ဟု နီပေါအစိုးရ၏ဆက်သွယ်ရေးအရာရှိက ပြောကြားသည်။ နွေဦးရာသီအတွင်း တောင်တက်လုပ်ငန်းမှ နီပေါအစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိသည်ဟု သိရသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

# တရုတ်ဝန်ကြီးချုပ် ဆိုးလ်မြို့တော်သို့ အလည်အပတ်ရောက်ရှိ

ပေကျင်း မေ ၂၉

တောင်ကိုရီးယားစစ်သင်္ဘောကို မတ်လအတွင်းတွင် မြောက်ကိုရီးယားက နှစ်မြှုပ်ပစ်ခဲ့သည်ဆိုမှုကြောင့် ဆက်ဆံရေးတင်းမာမှုများဆက်လက်ဖြစ်ပေါ်နေစဉ် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်သည် တောင်ကိုရီးယားသို့ မေ၂၈ရက်၌ အလည်အပတ်ရောက်ရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

### ဆွေးနွေး

ဝမ်ကြားပေါင်နှင့် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်တို့ ဆွေးနွေးစဉ် ယင်းပြဿနာကို အလေးအနက်ထား ဆွေးနွေးကြဖွယ်ရှိသည်။

### နှစ်နိုင်ငံဆက်ဆံရေး

ဝမ်ကြားပေါင်၏ခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေး အခိုင်အမာတိုးမြှင့်စေမည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံက ယင်းပြဿနာနှင့် စပ်လျဉ်း၍ စိတ်မသက်မသာရှိနေသည်ဟု ဆိုးလ်မြို့တော်ရှိ သတင်းထောက်များက ပြောကြားသည်။ (အင်တာနက်)

### ယာဉ်တိုက်မှုဖြစ်ပွား

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ကျင်းဖန်မြို့၌ ယာဉ်တိုက်မှု ဖြစ်ပွားသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

# အမေရိကန်နျူကလီးယား ရေငုပ်သင်္ဘောအား ပါရှန်ပင်လယ်ကွေ့အတွင်း အီရန်ရေတပ်တွေ့ရှိ

တီဟီရန် မေ ၂၉

ကမ္ဘာ့ပေါ်တွင်အရေးပါဆုံးသော လောင်စာစွမ်းအင်သယ်ယူရာလမ်းကြောင်းဖြစ်သည့် ပါရှန်ပင်လယ်ကွေ့၏ လုံခြုံရေးအပေါ် စိုးရိမ်မကင်းဖြစ်နေကြစဉ် ပါရှန်ပင်လယ်ကွေ့အတွင်း သွားလာနေသည့် အမေရိကန်နျူကလီးယား ရေငုပ်သင်္ဘောတစ်စင်းကို အီရန်ရေတပ်က ထောက်လှမ်းတွေ့ရှိကြောင်း အင်တာနက်သတင်းတွင် မေ၂၈ရက်က ဖော်ပြသည်။

### တွေ့မြင်

အီရန်ကင်းလှည့်တပ်ဖွဲ့က အမေရိကန်နျူကလီးယား ရေငုပ်သင်္ဘောတစ်စင်းကို ဟော်မုဇ်ရေလက်ကြား၌ မေ၂၇ရက်က တွေ့မြင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ပါရှန်ပင်လယ်ကွေ့ရေပြင်တွင် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးသင်္ဘော ၄စင်းနှင့် တိုက်ရေယာဉ် ၁စင်းတို့ကို တွေ့ရသည်။ ယင်းတို့အနက် အိုက်ဆင်ဟောင်ဝါ လေယာဉ်တင်သင်္ဘော ပါဝင်သည်။ (အင်တာနက်)

# သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး သဘောတူစာချုပ် ပါကစ္စတန်နှင့်အီရန် လက်မှတ်ရေးထိုးရန် ရက်ရွှေ့ဆိုင်း

အစ္စလမ္မာဘတ် မေ ၂၉

**ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး သဘောတူစာချုပ်ကို မေ၂၈ရက်၌ လက်မှတ်ရေးထိုးရန် ဖြစ်သော်လည်း ရာသီဥတုဆိုးရွားသောကြောင့် အီရန်ကိုယ်စားလှယ်အဖွဲ့အချိန်မီမရောက်ရှိခဲ့သဖြင့် ရက်ရွှေ့ဆိုင်းလိုက်ရသည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။**

အီရန်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလာသည့် လေယာဉ်သည် အစ္စလမ္မာဘတ်လေဆိပ်သို့ဆိုက်ရောက်ရန် ခက်ခဲသဖြင့် ၎င်းမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၄၀၀ရှိ လာဟိုးလေဆိပ်သို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့ကြောင့် သဘောတူလက်မှတ်ရေးထိုးမည့်ရက်ကို ထပ်မံကြေညာမည် ဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ပါကစ္စတန်နှင့်အီရန်နှစ်နိုင်ငံအကြား ၂၇၅၅ကီလိုမီတာရှည်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို အမေရိကန်ဒေါ်လာ ၇ဒသမ၅ဘီလီယံ အကုန်အကျခံတည်ဆောက်ရန် သဘောတူလိုက်ပြီဖြစ်သည်။

ယင်းပိုက်လိုင်းသည် ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို လျှော့ပါးစေမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

### ပစ်ခတ်တိုက်ခိုက်

**ပါကစ္စတန်နိုင်ငံ ဘလူချစ္စတန်ပြည်နယ် ကွီတာမြို့၌ဖြစ်ပွားသည့် ပစ်ခတ်တိုက်ခိုက်မှုတွင် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို မေ၂၈ရက်က တွေ့ရစဉ်။**

(ဆင်ဟွာဓာတ်ပုံ)

# အဲဘတ်စ်လေယာဉ် တိဗက်လေဆိပ်သို့ စမ်းသပ်ဆင်းသက်

*နဂါရီချန်ဒူး မေ ၂၉*

*အဲဘတ်စ် အေ-၃၁၉အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စီး တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဂန်ဆာလေဆိပ်သို့ မေ၂၈ရက်က အောင်မြင်စွာ စမ်းသပ်ဆင်း သက်ခဲ့သည်။*

*တရုတ်လေကြောင်းဌာနမှ ယင်းလေယာဉ်သည် စီချွမ်ပြည်နယ်၏ မြို့တော် ချန်ဒူးရှိ ရှောင်လီယူလေဆိပ်မှပျံသန်းခဲ့ပြီး ဂန်ဆာလေဆိပ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်သည်ဟု တရုတ် လေကြောင်းဌာနခွဲ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။* ***(အင်တာနက်)***

## ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ရက် နံနက် ၁၀နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်အေး၊ ဒုတိယရဲမှူး(ဦးစီး) ဒုတိယရဲမှူးသိန်းလွင်နှင့် ဦးစီးအရာရှိများ၊ တပ်ဖွဲ့ဝင်မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ထောက်ပံ့ပေးအပ်

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်အေးက အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့တို့မှ ကျောင်းသား ကျောင်းသူ ၁၄၂ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)**

**(အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့)**

## အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၉

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ ဒုတိယအကြိမ် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကွယ်လွန်သူဖခင်ကြီး ဦးသိန်းမောင်(ဟာနုမာန် ကော်ဖီမှုန့်ဆိုင်) အနှစ်(၂၀)ပြည့် ရည်စူး၍ အမှတ် ၁၀၊ (၁၅)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့နေ ကပ္ပတိန်ဦးစံသိန်းနှင့် မောင်နှမများတစ်စုက အလှူငွေကျပ်တစ်သိန်းကို မေ ၁၀ရက်က အဆိုပါရုံးခန်းသို့ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံယူသည်။ **(အောက်ပုံ)**

### လှူဒါန်း

အလားတူ အဆိုပါအလှူရှင်များက ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း၊ မေရီချက်မင်းနားမကြားသော ကလေးများကျောင်း၊ သန်လျင်ကုမ္ပဏီ ဘိုးဘွား ရိပ်သာ၊ ကံဘဲ့ ဟိန္ဒူကုသိုလ်ဖြစ်ဆေးခန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း၊ မြောက်ဥက္ကလာပ ICU ဆေးရုံနှင့် သာရေး၊ နာရေးရန်ပုံငွေအဖွဲ့ အခမဲ့ဆေးခန်းတို့သို့လည်း ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့သည်။ **(မြန်မာ့အလင်း)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသော တန့်ယန်းမြို့နယ် ဟိုတာကျေးရွာ စိမ့်စမ်းရေသွယ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲလျက်ရှိစဉ်။** (မြို့နယ်စည်ပင်)

**သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး ရေဂါလန် ၆၀၀၀၀ ဆံ့ ရေဝေကန်မှ မြို့တွင်း ရေဖြန့်ဝေပေးနေမှုအခြေအနေကို မေ ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (ခရိုင် ပြန်/ဆက်)



## ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အလုံမြို့နယ်၌ စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်း ၁ လမ်း၊ ၂ လမ်း၊ ၃ လမ်းများအတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ အဖွဲ့သုံးဖွဲ့ခွဲ၍ ရေစီး ရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် ရေမြောင်းများတူးဖော်ခြင်း၊ ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ဆေးများမှုတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းနှင့် ရေစည်/ရေအိုးများအတွင်း အဘိတ်ဆေးများခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့်အဖွဲ့ ကြည့်ရှုအားပေးကြသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

**ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်**

## သွားနှင့်ခံတွင်း ဆေးပညာရပ်ဆိုင်ရာ သင်တန်းပေးမည်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ သွားနှင့်ခံတွင်းဆိုင်ရာ စဉ်ဆက်မပြတ် ပညာပြန့်ပွားရေး အစီအစဉ်အရ Win Pharmacy Co., Ltd. ၏ ပူးပေါင်းကူညီမှုဖြင့် Damon Orthodontic Hands-on Course ကို ဇွန် ၆ရက်(တနင်္ဂနွေနေ့)နှင့် ၇ရက်(တနင်္လာနေ့)များတွင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကုန်သည်ကြီးများဟိုတယ် Summer Palace ခန်းမ၌ Dr. Peter Loh (Malaysia) က ပို့ချပေးမည်ဖြစ်သည်။ လူဦးရေကန့်သတ်ထား၍ အသေးစိတ် သိလိုပါက ဖုန်း-၂၅၃၆၉၄၊ ၃၇၉၈၆၆၊ ၂၅၁၈၄၈၊ ၀၉-၅၁-၃၀၂၆၅၊ ၀၉-၅၁-၂၉၃၅၁၊ ၀၉-၈၆-၂၇၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### တရုတ်၌ မြေအောက်ရထားလမ်း ၃၀ ဖောက်လုပ်မည်

*တရုတ်နိုင်ငံတစ်ဝန်း ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းများတင်ဆောင်ရေးတို့တွင် လျင်မြန် ချောမွေ့စေရေးအတွက် မြေအောက်ရထားလမ်း ၃၀ကို ၂၀၂၀ ခုနှစ်၌ အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း တရုတ်ရထားလုပ်ငန်းအရာရှိများက မေ ၂၉ရက်၌ ပြောကြားသည်။*

### ပါကစ္စတန်အရှေ့ပိုင်း၌ တိုက်ခိုက်မှု ဖြစ်ပွား

*ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့တွင် မေ ၂၉ ရက် နံနက်က လက်နက်ကိုင် အုပ်စုနှစ်စု အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားရာ ၆၈ ဦးသေဆုံးပြီး လူ ၇၀ ခန့်ဒဏ်ရာ ရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။*

### ဂျပန်ကမ်းလွန်၌ ရုရှားရေတပ် စစ်ရေးလေ့ကျင့်

*ဂျပန်ကမ်းလွန်ရေပြင်၌ မေ ၂၉ရက် နံနက်က ရုရှားရေတပ်စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုမှာ ဒေသတွင်းတည်ငြိမ်ရေး နှင့် လုံခြုံရေးတို့အတွက်ဖြစ်ကြောင်း ရုရှားရေတပ်အရာရှိများက ပြောကြားသည်။*

### မက္ကဆီကို၌ လေယာဉ်ငယ် ပျက်ကျ

*မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့အနောက်ပိုင်းတွင် မေ ၂၉ရက် နံနက်က လေယာဉ် ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦး သေဆုံးခဲ့ကြောင်း မက္ကဆီကို လေကြောင်းအရာရှိများက ပြောကြားသည်။*

### ဂွါတီမာလာနိုင်ငံ၌ မီးတောင်ပေါက်ကွဲ

*ဂွါတီမာလာနိုင်ငံတောင်ပိုင်းရှိ ပါကာယာအမည်ရှိ မီးတောင်သည် မေ ၂၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးများ၊ ပြာမှုန်များဝေဟင်၌ လွင့်ပျံ့နေသဖြင့် ဂွါတီမာလာ လေဆိပ်တွင် လေယာဉ်အဆင်းအတက်များ ပိတ်ထားလိုက်ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။*

### အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်ကမ်းလွန်၌ မေ ၂၉ရက်နံနက်က ရစ်ချ်တာ စကေး၆အဆင့်ရှိ ငလျင်ထပ်မံလှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ဆူနာမီ သတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက သတင်းထုတ်ပြန်သည်။*

### အစ္စရေးက ဂါဇာသို့လေကြောင်းမှ တိုက်ခိုက်

*အစ္စရေးလေတပ်က ဂါဇာသို့ မေ ၂၉ရက်က လေယာဉ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။*

### တရုတ်၌ ယန်စီမြစ်အောက်ဖြတ် ဥမင်ကားလမ်းဖွင့်လှစ်

*တရုတ်နိုင်ငံ ယန်စီမြစ်ကြမ်းပြင်အောက်မှ ဖြတ်သန်းဖောက်လုပ်ထားသော ခြောက်လမ်းသွားဥမင်ကားလမ်းကို မေ ၂၈ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ မော်တော်ယာဉ်မောင်းနှင်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ရေးအတွက်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)*

### အီကွေဒေါနိုင်ငံ ဟွန်ဂူရာဟွာမီးတောင် ပေါက်ကွဲ

*အီကွေဒေါနိုင်ငံရှိ ဟွန်ဂူရာဟွာမီးတောင်သည် မေ ၂၉ ရက်က ပေါက်ကွဲမှုဖြစ်ပွား ရာ အနီးဝန်းကျင်ရှိ ဒေသခံထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရ ကြောင်း၊ အီကွေဒေါနိုင်ငံဝေဟင်၌ မီးခိုးနှင့် ပြာမှုန်များလွင့်ပျံ့နေမှုကြောင့် လေဆိပ်များ ပိတ်ထားရကြောင်း အီကွေဒေါအရာရှိများကပြောကြားသည်။*

*(အင်တာနက်)*

30-5 (05).pmd 1 5/30/2010, 1:59 AM

## လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦးအား ထိုင်းနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi သည် မေ ၂၇ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ဒေသမှ တေးဂီတယဉ်ကျေးမှုအနုပညာအဖွဲ့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၉

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ဒေသမှ Abiogenesis တေးဂီတယဉ်ကျေးမှု အနုပညာအဖွဲ့သည် ယမန်နေ့ ညနေ ၆နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။ (ယာပုံ)

### တက်ရောက်

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Aloke Sen၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ရှေးဦးစွာ အိန္ဒိယ သမ္မတနိုင်ငံသံရုံးမှ Mrs. Sripriya Rangana Than နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ် ဒေါ်စန္ဒာခင်တို့က ဆီမီးထွန်းညှိကာ တေးဂီတဖျော်ဖြေပွဲကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တတိယအတွင်းဝန်Dr. Madan Mohan Sethi က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တေးဂီတ ဖျော်ဖြေပွဲကို စတင်ကျင်းပသည်။ အဆိုပါတေးဂီတ ယဉ်ကျေးမှုအနုပညာအဖွဲ့သည် မေ ၃၀ရက်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

## ဝန်ထမ်းများအရည်အချင်းပြည့်ဝ၍ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက် အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၉

အလုပ်သမားဝန်ကြီးဌာနတွင် မေ ၅ရက်မှ ၂၈ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ပေးအပ်

အဆိုပါ သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို ဆုများချီးမြှင့်၍ သင်တန်းသား သင်တန်းသူ ၄၀ အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ အလုပ်သမား ဝန်ကြီးဌာနသည် ဝန်ထမ်းများအရည်အချင်းပြည့်ဝ၍ လုပ်ငန်းတာဝန်များ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် e-Government လုပ်ငန်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၂၉

မင်္ဂလာဈေးမီးလောင်မှုကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ကာ စစ်ဆေးသွားမည်၊ ဆိုင်ခန်းများကို ယုဇနပလာဇာတွင် ယာယီငှားပေးမည်၊ ဆိုင်ခန်းများမှ ပစ္စည်းများ ထုတ်ယူခွင့်ပြုပြီ၊ မင်္ဂလာဈေးဘေးရှိ ဘောလုံးကွင်းတွင် ယာယီဈေးဆောက်လုပ်ရန်ရှိ၊ မီးစလောင်သည့် မင်္ဂလာဈေး နေရာဟောင်းကိုတော့ မပြောင်း၊ သုံးထပ်နှင့်အထက် အဆောက်အအုံများ မီးသတ်ရေကန်ပါမှ လူနေခွင့်ပြုတော့မည်။

ဒဂုန်တာရာပြောသော ကိုအောင်ဆန်းအကြောင်း၊ သခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေး မဟာလေးချိုးကြီး၊ ရှေးဟောင်း ရန်ကုန်မြင်ကွင်း၊ ပဲခူးမြစ်ကျဉ်းသောင်ထွန်းလာ၊ မန္တလေး ရတနာပုံစူပါစင်တာနှင့် ဒိုင်းမွန်းပလာဇာကုန်တိုက်ကြီးများ တည်ဆောက်ပြီး ပါက ပိုင်ရှင်ဟောင်းများကို ဦးစားပေးမည်၊ ဇင်ယော်နီ၏ ဒီနေ့ကံကောင်းချင်လျှင် ရက်အလိုက် အဟောများ၊ သတ္တုတူးဖော်ရေးတွင် ကိုရီးယားက ပူးပေါင်းလို၊ ဖားကန့် တွင် ကျောက်စိမ်းလုပ်ကွက်သစ်များ ချပေးတော့မည်၊ မထသ (၂၁၁) ယာဉ်လိုင်း အခမဲ့ ယာဉ်စီးခွင့်ပေး၍ အများပြည်သူကို လှူဒါန်း၊ ပဲခူးတိုင်း သနပ်ပင်မြို့နယ်တွင် လူငယ်အဖွဲ့က သောက်ရေသန့်လှူဒါန်း၊ ရွှေတိဂုံရင်ပြင်ပေါ်ရှိ ကုသိုလ်ဖြစ်ဆေးခန်း အခါကြီးရက်ကြီးများတွင် နှစ်ဆယ့်လေးနာရီဖွင့်လှစ်၊ ဒေါက်တာအောင်ခင်ဆင့် ပြောသည့် ဆေးမတိုးသည့် တီဘီရောဂါ ဘယ်လိုကုသကာကွယ်မလဲ၊ မောင်သန်းဆွေ (ထားဝယ်)၏ ဖူးစာနှစ်ခိုင်အကြောင်း။

### ထွက်ရှိ

အမေရိကန်-တရုတ်ထိပ်သီး အစည်းအဝေးကျင်းပပြီ၊ မြောက်ကိုရီးယားကုန်သွယ်မှု တောင်ကိုရီးယားရပ်ဆိုင်း၊ အဘီဆစ်ဝိဇ္ဇာဇီဝကို စောင့်ကြည့်ရမည်၊ အစွန်းရောက် မွတ်စလင်များ ယဉ်ကျေးမှုစစ်ဆင်နွှဲမည့် မွတ်စလင်ရှေ့ကာတစ်ဦး၊ ကိန်းရပ်ရှင်ပွဲတော်မှာ အကောင်းဆုံးဆုရ ထိုင်းရုပ်ရှင်ကား၊ တရုတ်(တိုင်ပေ)မှ မင်းသားဂျေချူး၊ စင်ဒရဲလားရဲ့အစ်မဖြစ်သွားတဲ့ မွန်ဂေးယွန် (အွန်စော ငယ်)စသဖြင့် ပြည်တွင်း ပြည်ပသတင်းများ၊ ဆောင်းပါးကောင်းများနှင့် News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၄၄) ထွက်ရှိနေပြီဖြစ်သည်။ (သတင်းစဉ်)

## နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာကျောင်းများသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးအသင်း စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများအတွက် စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက အဆိုပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်ခင်မြဝင်းနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်များက သက်ဆိုင်ရာကျောင်းများမှ ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များထံ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

### ကျေးဇူးတင်

ထို့နောက် ကျောင်းအုပ်ဆရာကြီးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လပ်ကီးဘတ် ကုမ္ပဏီ၏ ၂၀၁၀ နှစ်လယ်ကံစမ်းမဲဖွင့်ပွဲနှင့် မိတ္တူကူးစက် ပစ္စည်းသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

Lucky Bird Group of Companies ၏ ၂၀၁၀ နှစ်လယ်ကံစမ်းမဲဖွင့်ပွဲနှင့် TOSHIBA e- STUDIO မိတ္တူကူးစက်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို မေ ၂၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Lucky Bird Group of Companies မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။ (အောက်ပုံ)

### ရှင်းလင်းပြောကြား

ယင်းနောက် TOSHIBA MFP Specialistဦးသိန်းစိုးက အသစ်တင်သွင်းလာသော TOSHIBA e- STUDIO 181/211 နှင့် e- STUDIO 182/212/ 242 TOSHIBA ဘက်စုံသုံး ဒစ်ဂျစ်တယ် မိတ္တူကူးစက်၏ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### လျှော့ချပေးနိုင်

အဆိုပါ Lucky Bird Trading Co.,Ltd. က ၂၀၁၀ ပထမနှစ်ဝက်အတွင်း တရားဝင် ဖြန့်ဖြူးရောင်းချမည့် TOSHIBA ဘက်စုံသုံး ဒစ်ဂျစ်တယ် မိတ္တူကူးစက်များဖြစ်သော e-STUDIO 181/211 နှင့် e-STUDIO 182/ 212/ 242 တို့သည် မြန်မာနိုင်ငံအတွင်း TOSHIBA ကို MFP Copier နှင့် ဆက်စပ်ပြီး လူအများစု သတိထားမိစေသော e-STUDIO 166 Series ကို Copy/Print နှုန်းမြှင့်လိုက်ပြီး အလွန်အသုံးဝင်သော Features များ ထပ်မံပေါင်းထည့်ထားသည့် Model အသစ်ဖြစ်သည်။ TOSHIBA ၏ ကိုယ်ပိုင်နည်းပညာရပ်ဖြစ်သော e-BRI-DGE Technology ကြောင့်လည်း ဆန်းသစ်သောနည်းပညာများကို ရိုးရှင်းစွာ အသုံးပြုနိုင်သည့်အပြင် ယခင် တန်ဖိုးမြင့် Model များတွင်သာပါရှိသော Electronic Sorting၊ ID-Card Copy၊ Duplex Print၊ Recovery Printing Feature များကို ယခု e-STUDIO 181 တွင်ပင် Standard Function များ အဖြစ် အသုံးပြုနိုင်သည်။ e-STUDIO 182/212/242 တွင် e-BR- IDGE နည်းပညာ၏ Office Solution များဖြစ်သော Job Build၊ Job Separator၊ EFMS များ ထပ်မံပေါင်းစပ်ထားသောကြောင့် စက်ပိုင်းဆိုင်ရာ လုံခြုံရေးစနစ် မြင့်မားလာပြီး ပြုပြင်ထိန်းသိမ်းမှု ပိုမိုလွယ်ကူယုံသာမက Documentation Process များတွင် အချိန်နှင့် စာရွက်လေလွင့်မှုများကို များစွာလျှော့ချပေးနိုင်သည်။

### စုံစမ်းနိုင်

မကြာမီ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ Lucky Bird Group of Companies Yangon- အမှတ်၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁ နှင့် မန္တလေးမြို့ အမှတ် ၅၊ ၂၆လမ်း၊ (၇၈ လမ်းနှင့် ၇၉ လမ်းကြား) ဖုန်း-၀၂-၂၁၅၇၂ တို့အပြင် နေပြည်တော်ရှိ သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၁၁၃တို့သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

30-5 (06).pmd 1 5/30/2010, 1:59 AM

✱ ကျောဖုံးမှ

စက်ရေတွင်းတစ်တွင်းတို့ကို တူးဖော်ပေးခဲ့သည်။ တစ်ဖန်ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နန်းမယ်ခုံကျေးရွာတွင် ပေ ၂၀၀ အနက် စက်ရေတွင်းတစ်တွင်းနှင့် တနန်းဥကွယ်ကျေးရွာတွင် ပေ၂၀၀ အနက် စက်ရေတွင်း တစ်တွင်းတို့ တူးဖော်ပေးခဲ့ရာ ကျေးလက်သောက်သုံးရေရရှိရေးအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့သည်။

**မီးဘေးလုံခြုံရေး**

ဒီမော့ဆို မြို့ပြသာယာလှပ သန့်ရှင်းရေးအတွက် လမ်းဘေးဝဲယာတွင် မြက်ဖြတ်စက်ဖြင့် နေ့စဉ်ရှင်းလင်းဆောင်ရွက်နေသည်။ ညအခါတွင် မြို့တွင်းလမ်းများအား မီးချောင်း၊ မီးသီးများဖြင့် ထွန်းညှိထားသည်မှာ ဝေဖြာလျက်ရှိနေသည်။ လမ်းဘေးအမှိုက်များကို တစ်ပတ်နှစ်ကြိမ်နှင့် ဈေးအတွင်း တစ်ပတ်တစ်ကြိမ် အမှိုက်သိမ်းယာဉ် တစ်စီးဖြင့် သိမ်းဆည်းဆောင်ရွက်နေသည်။ ဈေးမီးဘေးလုံခြုံရေးအတွက် တစ်လ တစ်ကြိမ် ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်နေသည်။ ဈေးအတွင်း မီးချိတ်၊ မီးကပ်များနှင့် မီးသတ်တိုင်ကီများ၊ မီးသတ်ရေတွင်းနှစ်တွင်းဖြင့် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရာ လုပ်ကိုင် ဆောင်ရွက်မှု အကွက်စေ့လှသည်။

**တက်ကြွစွာဆောင်ရွက်**

ဖရူဆိုမြို့နယ်ကား လွိုင်ကော်ခရိုင်အတွင်း၌ ပါဝင်သည်။ လွိုင်ကော်မှ ၂၁ မိုင် ကွာဝေးသည်။ ဖရူဆို မြို့နယ်သည် ကယားပြည်နယ် စည်ပင် သာယာရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်နေသော မြို့နယ်ဖြစ်သည်။

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြသာယာဖွံ့ဖြိုးရေးအတွက် ဈေးဝလမ်းအား အလျား ၆၉၅ ပေ၊ အနံ ၁၂ ပေရှိ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ခင်းပေးခဲ့သည်။ ထို့ပြင် မြို့ပြရေပေးရေး၊ ရေဖူလုံစွာရရှိရေးအတွက် လောဘူဒါးရပ်ကွက်တွင် ဂါလန် ၂၆၀၀ ဆံ့ အုတ်ကန်ကြီးတစ်လုံး တည်ဆောက်ပေးထားသည်ကို တွေ့ရှိရသည်။

**အပြုံးပန်းလှိုင်**

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ယူနီဆက်ဖ်အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဒိုးပရယ်ကျေးရွာ၊ ထီးဒီးခူ ကျေးရွာ၊ လောလျှာခူကျေးရွာ၊ ဒေါသဲ ကျေးရွာ၊ ဒေါတထောကျေးရွာ၊ ဒေါလောခူ ကျေးရွာ၊ တနောကလော ကျေးရွာ၊ ဒေါဆီမူကျေးရွာ၊ ဒေါခူလီ ကျေးရွာ၊ ဒေါမာခူ ကျေးရွာနှင့် ဟိုပိုက် ကျေးရွာစသည့် ကျေးရွာ ၁၁ရွာတွင် ရွာတိုင်းအား ရေဂါလန် ၂၆၀၀ဆံ့ မိုးရေလှောင်ကန် ငါးလုံးစီ ငွေကျပ် ၆၇၅၀၀၀၀ အကုန် အကျခံ၍ ဦးစားပေး တည်ဆောက်ပေးခဲ့သည်။ သောက်သုံး ရေရရှိသဖြင့် ဒေသခံတို့ မျက်နှာ၌ အပြုံးပန်းလှိုင်လျက်။

မြို့ပြသန့်ရှင်းသာယာလှပရေး အတွက် အဖွဲ့ပိုင်ယာဉ်ဖြင့် တစ်ပတ်တစ်ကြိမ် အမှိုက်သိမ်းဆည်းပေးသည်။ ထို့အပြင် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်အားပေးနေကြသည်မှာလည်း မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် စေတနာအင်အားများပင်ဖြစ်သည်။ ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ မြို့ပြသာယာလှပရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေပေသည်။

**ဘောလခဲမြို့**

ဘောလခဲမြို့နယ်ကလည်း တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာသည်။ ဘောလခဲမြို့တွင်းလမ်းများအား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဘောလခဲ မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဘုရင့်နောင်လမ်းအား အလျားပေ ၄၄၀၊ အကျယ် ၁၂ပေနှင့် အလောင်းဘုရားလမ်းကို အလျား ၄၂၅ ပေ၊ အကျယ် ၁၂ ပေ၊ ဗိုလ်တေဇလမ်းကို အလျားပေ ၆၆၀၊ အကျယ် ၁၂ ပေနှင့် အနော်ရထာလမ်းကို အလျား၄၂၅ ပေ၊ အကျယ် ၁၂ ပေ ငွေကျပ် ၁၂၂ ဒသမ ၇၅ သိန်း အကုန်အကျခံ၍ ကတ္တရာလမ်းအဖြစ် ခင်းပေးခဲ့သည်။

ကယားပြည်နယ် ဘောလခဲမြို့ အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

ဘောလခဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်များ တည်ဆောက်ပြီး ပန်းအလှပင်များ ပျိုးထောင်ထားသည်။ မြို့ရေပေးရေးကိုလည်း နမ့်ပွန်ချောင်းမှ ရေကို အင်ဂျင်နှစ်လုံးဖြင့် ရေစုကန် တစ်ကန်၊ အများသုံးရေကန် ၁၂ ကန်မှ ဌာနဆိုင်ရာများရှိ ရေကန်များ၊ ဝန်ထမ်း အိမ်ရာများနှင့် အမျိုးသား အမျိုးသမီးဆောင်များသို့ တစ်နေ့သုံးကြိမ်ပေးဝေ ဆောင်ရွက်နေသည်။

**ရှားတောမြို့**

ကယားပြည်နယ်အတွင်းမှ အခြားမြို့နယ်များ နည်းတူ ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ''အသစ်တည်ဆောက်၊ အဟောင်းပြုပြင် မြို့နယ်စည်ပင်'' ဟူသော ဆောင်ပုဒ် နှင့်အညီ မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ မြို့သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

**ကတ္တရာလမ်းခင်း**

ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများဖြစ်သော ရဲစခန်းလမ်းကို အလျားပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ မိုးကြိုးလမ်းကို အလျားပေ ၄၂၀၊ အကျယ် ၁၂ ပေနှင့် ဘုရင့်နောင်လမ်းကို အလျားပေ ၉၃၀၊ အကျယ် ၁၂ ပေဖြင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ကတ္တရာလမ်းခင်းပေးခဲ့သည်။

ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယူနီဆက်ဖ်ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဒေါလဲခူကျေးရွာနှင့် ပွန်ချောင်းကျေးရွာတို့တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဂါလန် ၂၆၀၀ဆံ့ မိုးရေလှောင်ကန်နှစ်ကန် တည်ဆောက်ပေးခဲ့သည်။

ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသာယာလှပ သန့်ရှင်းရေးအတွက် တစ်ပါထော်လာဂျီတစ်စင်းဖြင့် အပတ်စဉ် သောကြာနေ့တိုင်း အမှိုက်သိမ်းဆည်း ခြင်းလုပ်ငန်းကို ဆောင်ရွက်နေသည်။ လမ်းဘေး ဝဲယာတွင်လည်း ပေါင်းမြက်ရှင်းခြင်း လုပ်ငန်းနှင့် အပတ်စဉ် စနေနေ့ တိုင်း ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်း၍ မြို့သန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်နေသည်။

**မယ်စဲ့မြို့**

ကယားပြည်နယ် မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေပေးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေးနှင့် ရေရရှိရေးကို အဓိက ဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့သည်။ မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွင်း ယူနီဆက်ဖ်အဖွဲ့မှ ပံ့ပိုးငွေဖြင့် ဟွေပန်လှကျေးရွာ မိုးရေလှောင်ကန်နှင့် မယ်ဆည်နမ်ကျေးရွာ စိမ့်စမ်းရေသွယ် ခြင်းလုပ်ငန်းကို ငွေကျပ်သိန်း ၄၀ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည်။

**ရေဖြန့်ဝေပေး**

မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လူထုရေရရှိရေးအတွက် မြို့မှ တစ်မိုင်ခန့်ဝေးကွာသည့် သဘာဝရေထွက်မှ ရေကို လေးလက်မပိုက်၊ သုံးလက်မပိုက်တို့ဖြင့် သယ်ယူကာ မြို့အဝင် ဘုရားခြေရင်း၌ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင် ကန်တွင် ရေစုပြီး တစ်လက်မပိုက်လိုင်းဖြင့် ဆယ်ယူကာ မြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် မြို့လူထုသို့ ရေဖြန့်ဝေပေးနေသည်။

ကယားပြည်နယ်အတွင်းပါရှိသည့် ဒီမော့ဆို၊ ဘောလခဲ၊ ရှားတော၊ မယ်စဲ့၊ ဖားဆောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များသည် ကျေးလက်ဒေသရေရရှိရေး ၁၀နှစ်စီမံကိန်းအရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စီမံကိန်းနောက်ဆုံးနှစ်တွင် ကျေးရွာ ၃၁ ရွာအနက် ၂၈ ရွာတွင် ဂါလန် ၂၆၀၀ ဆံ့ မိုးရေလှောင်ကန် တည်ဆောက်ပေးခြင်းနှင့် ရွာသုံးရွာတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

**ဖွံ့ဖြိုးစည်ပင်**

ကယားပြည်နယ်အတွင်းရှိ စည်ပင်သာယာရေး အဖွဲ့များသည် သန့်ရှင်းသပ်ရပ် သာယာလှပ စိမ်းလန်း စိုပြည်မှုရှိစေရေး ဆောင်ရွက်လျက်ရှိရာ သဘာဝတရားများကြောင့် လှပနေသည့်အပြင် အာဏာပိုင်အဖွဲ့ အဆင့်ဆင့်၏ ကြိုးစားဆောင်ရွက်မှုကြောင့်မြို့နယ် ပေါင်းခြောက်မြို့နယ်၏ ဖွံ့ဖြိုးစည်ပင် နေသည့် အလှတရားများကား နေရာ ဒေသပေါင်းစုံ၌ တည်ရှိနေပြီဖြစ်ပါ ကြောင်း။ ။

**(မြန်မာ့အလင်း)**

## ရှားတောမြို့ ဘုရင့်နောင်လမ်း ကတ္တရာခင်း

ကယားပြည်နယ် ရှားတောမြို့ ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ဖြောင့်ဖြူးညီညာစွာ ဤသို့ တွေ့ရသည်။

## မုတ်သုံလေအား အသင့်အတင့်ရှိမည်

နေပြည်တော် မေ ၂၉

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင် ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီ ဂရိတ်အထိ၊ ကရင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန် တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီ ဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန် (မြို့လယ်)တွင် ၅ဒသမ ၂၈လက်မ၊ သံတောင်ကြီးမြို့တွင် ၂ဒသမ ၅၂လက်မ၊ ရေးမြို့တွင် ၂ဒသမ ဝ၈လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ဒသမ ၉၃လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ဒသမ ၇၀လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မေ ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာ နှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၂၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၀)၌ မီးလောင်ခဲ့သည့် မင်္ဂလာဈေးအကြောင်း နောက်ဆက်တွဲသတင်းများနှင့်အတူ သီရိမင်္ဂလာဈေး ရွှေ့ပြောင်းပေးတော့မည်၊ ကိုရီးယားတွင် တရားဝင်အလုပ်လုပ်ကိုင်နေကြသော လုပ်သားများ လစာတိုးဖွယ်ရှိ၊ အချက်အလက်မပြည့်စုံသည့် ဆိုက်ရောက်ဗီဇာငြင်းပယ်ခြင်းခံရနိုင်၊ ဗိုလ်ချုပ်ဈေးသစ်ဆိုင်ခန်းများ အရောင်း၊ အငှား ဈေးမြင့်တက်၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက် ပြေးဆွဲနေသည့် ရေလမ်းကြောင်းတချို့ ခရီးစဉ်ရပ်နား၊ ၂၀၁၀ ရွေးကောက်ပွဲ မဲပေးရန် လူဦးရေစာရင်းများ ရပ်ကွက်အလိုက် လိုက်လံကောက်ယူ စသည့် ပြည်တွင်းသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် နိုင်ငံရေးသဘောတရားများ၊ ဦးဗိုဇမ်(ဥက္ကဋ္ဌ)ချင်းအမျိုးသားပါတီနှင့် တွေ့ဆုံခြင်း၊ Political Column၊ ဘူးသီးတောင်မြို့နယ်မှ သမိုင်းဝင် ဒုံးသိမ်ပုထိုးတော်နှင့် ကျောက်ဆစ်လက်ရာများ Myanmar Discovery၊ ကျွန်ုပ်တို့၏ ရန်ကုန်၊ သူ့ဘဝ သူ့ဒဿန၊ ဆေးဝါးအရေး စိတ်မပူပန်စေချင်၊ ပြန်လည်စည်ကားလာမယ့် မင်္ဂလာဈေး ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာနေပြီဖြစ်သည်။

ထိုင်းနိုင်ငံ၏ပဋိပက္ခ နိုင်ငံရေး၊ စီးပွားရေး ယိုင်လဲမှုကို ခြိမ်းခြောက်လျက်ရှိ၊ အကြမ်းဖက်သံသယရှိသူတို့အား စစ်ကြောမေးမြန်းရေးအဖွဲ့သစ် အမေရိကန်ဖွဲ့စည်း၊ ဂျော့ဝါရှင်တန် ငှားပြီးပျောက်နေတဲ့စာအုပ် နှစ်ပေါင်း ၂၂၁ နှစ်ကြာမှ ပြန်ရောက်လာ၊ လူသေအလောင်းကို လည်ပင်းညှစ်ပြီး ပါးရိုက်သူ ထောင်ဒဏ်သုံးနှစ်ကျခံရ၊ ကမ္ဘာ့အကြီးမားဆုံးလေသင်္ဘောကြီး ပထမဆုံးအကြိမ် ပျံသန်းမှုပြုတော့မည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း စပိန်နိုင်ငံ မဒရစ်မြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂ(အီးယူ) ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။ (နိုင်ငံခြားရေး)

❍ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်၊ အီးယူအဖွဲ့ဝင် (၂၇)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဥရောပကော်မရှင်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. Miguel Angel Moratinos နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး His Royal Highness Prince Mohamed Bolkiah တို့က ဆောင်ရွက်ကြသည်။

## ဆွေးနွေး

ပထမပိုင်း စုံညီအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံနှင့်အီးယူတို့အတွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနှင့် အီးယူမိတ်ဖက်ဆက်ဆံမှု တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ရရှိခဲ့သည့် အောင်မြင်မှုများနှင့် အနာဂတ် ဦးတည်ချက်၊ အီးယူမှ အာဆီယံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပါဝင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ-အီးယူအလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဒေသနှင့် နိုင်ငံတကာအရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။ ယင်းအလုပ်သဘောနေ့လယ်စာစားပွဲတွင် ဝန်ကြီးသည် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံမှ နိုင်ငံတကာ အသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံမှုတို့ အပါအဝင် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

## အမြင်ချင်းဖလှယ်

နေ့လယ်ပိုင်းတွင် ကျင်းပသော ဒုတိယပိုင်း စုံညီအစည်းအဝေးတွင် ဝန်ကြီးများသည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးစိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးအကျပ်အတည်းနှင့် အကျပ်အတည်းလွန်ကာလ အခြေအနေတို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် "စီးပွားရေးအကျပ်အတည်းနှင့် အကျပ်အတည်းလွန်ကာလ အခြေအနေ" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခဲ့သည်။ ယင်းသို့ ဆွေးနွေးရာတွင် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် အာရှဒေသအပေါ် ထိခိုက်မှုအခြေအနေနှင့် အာဆီယံအနေဖြင့် စဉ်ဆက်မပြတ် စီးပွားရေး ပြန်လည်နာလန်ထူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဒေသတွင်း ပေါင်းစည်းမှု မြှင့်တင်ရေးနှင့် အာဆီယံ အသိုက်အဝန်း တည်ထောင်ရေး နည်းလမ်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

## ညစာစားပွဲ

ဝန်ကြီးသည် မေ ၂၆ရက် ညနေပိုင်းက စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. Miguel Angel Moratinos က မဒရစ်မြို့ရှိ ၎င်း၏ နေအိမ်၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မဒရစ်မြို့၌ရှိနေစဉ် မေ ၂၆ရက်က အီးယူ နိုင်ငံခြားရေးရာနှင့် လုံခြုံရေး မူဝါဒအဆင့်မြင့် ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် Vice President H.E. Lady Catherine Ashton နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ-အီးယူ ဆက်ဆံမှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်း ဖွင့်လှစ်ခဲ့

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က အရည်အသွေးမီ အလေးမဒိုင်လူကြီးများ ပေါ်ထွက်လာစေရေးအတွက် အလေးမဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၂/၂၀၁၀)ကို မေ ၂၄ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလေးမလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

## ပို့ချ

အဆိုပါသင်တန်းသို့ အမျိုးသားသင်တန်းသား ၁၇ဦးနှင့် အမျိုးသမီးသင်တန်းသူ ၂၁ဦး စုစုပေါင်း ၃၈ဦးတို့ တက်ရောက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်၏ အလေးမဥပဒေများကို စာတွေ့၊ လက်တွေ့နှင့် သရုပ်ပြသခြင်းများဖြင့် ပို့ချခဲ့သည်။

## အပ်နှင်း

မေ ၂၈ရက်က အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ ဆန်းစစ်ချက်မေးခွန်းလွှာဖြင့် စာမေးပွဲစစ်ဆေးခဲ့ပြီး အောင်မြင်သူများအား ဒိုင်လူကြီးလိုင်စင်များကို အခမ်းအနားဖြင့် အပ်နှင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၃၀-၅-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၅၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၀၀ | ၆။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၈။ | **လက်ဆေးပြီးပြီလား** |
| ၈း၃၀ | ၉။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၁၀။ | International News |
| ၈း၅၀ | ၁၁။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စိတ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၃၀ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၂) |
| ၁၂း၃၀ | ၅။ | Golf Magazine (TV) |
| ၁၂း၅၀ | ၆။ | မြန်မာဗီဒီယိုဇာတ်လမ်း **မိထော်ကြီးနှင့်ပြုံးစိမ** ရန်အောင်၊ ထွန်းလွင်အောင်၊ ဘုန်းနေခ၊ ဆောင်းအိန္ဒြေထွန်း (သုံးကိုယ်ခွဲ) (ဒါရိုက်တာ-ခင်စောမျိုး) (အဖေ့ပညာ) |
| ၁၄း၅၀ | ၇။ | International News |
| ၁၄း၅၅ | ၈။ | အကပြိုင်ပွဲ |

**ညပိုင်း**

| | | |
|---|---|---|
| ၃း၄၅ | ၁။ | Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ကမ္ဘောဇ F.C နှင့် ဧယာဝတီ F.C)** |
| ၅း၄၅ | ၂။ | တေးဂီတအစီအစဉ် |
| ၆း၀၀ | ၃။ | ညနေခင်းသတင်း |
| ၆း၁၅ | ၄။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၅။ | ကာတွန်းအစီအစဉ် **BUGS' ADVENTURES** (အပိုင်း-၁၅) |
| ၆း၃၅ | ၆။ | တစ်မျက်နှာ တစ်ကွက်စာ **အတိတ်ခါး** (အပိုင်း-၁) အံ့သစ်ကျော်၊ ရှင်းရှင်း၊ ကောင်းချာနံသစ်၊ သိင်္ဂီထွန်း (ဒါရိုက်တာ-ဘုန်းမျိုးကျော်) |
| ၆း၅၀ | ၇။ | **နှစ်သက်ဖွယ်ရာ ပရိဘောဂလုပ်တဲ့ မြန်မာ့သစ်မာ** |
| ၇း၀၀ | ၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၂) |
| ၈း၀၀ | ၉။ | ပြည်တွင်းသတင်း |
| | ၁၀။ | နိုင်ငံတကာသတင်းများ |
| | ၁၁။ | မိုးလေဝသအခြေအနေ |
| | ၁၂။ | ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၉) |
| | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၂) |
| | ၁၄။ | ရုပ်သံကြေငြာများ |



မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလေးမဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၂/၂၀၁၀)ကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလေးမလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်ရာ တက်ရောက်သည့် သင်တန်းသားများနှင့် သင်တန်းသူများအား ဒိုင်လူကြီးများနှင့်အတူ တွေ့ရစဉ်။ (အလေးမအဖွဲ့ချုပ်)

# ကျန်းမာရေး ဒုတိယ[...]
## ရန်ကုန်တိုင်းရင်း[...]

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေ[...] ရန်ကုန်တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ဆေး[...] တိုင်းရင်းဆေးဆရာများနှင့် သူနာပြုများအား တွေ့[...] စကားပြောကြားသည်။

**အား[...]**

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းရင်း[...] ရောဂါဌာန၊ ပြင်ပလူနာဌာနနှင့် ဓာတ်မှန်ဌာနတို့[...] လူနာများအား တစ်ဦးချင်း အားပေးစကားပြောကြ[...]

### ကြည့်ရှုအားပေး

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်တိုင်းရင်းဆေးရုံတွင် တက်ရောက် ကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးစဉ်။** (ကျန်းမာရေး)

# လက်ရှိချန်ပီယံ ရတနာပုံနဲ့ မနောမြေ F.C တို့ နိုင်ပွဲဆက်

➢ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

မန္တလေး မေ ၂၉

**၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်းနဲ့ မနောမြေအသင်းတို့ နိုင်ပွဲဆက်ခဲ့ကြပါတယ်။**

## ဗထူးကွင်း

**ရတနာပုံ - လေးဂိုး။**
**ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။**

အမှတ်ပေးဇယား တတိယနေရာကို ရယူနိုင်ဖို့အတွက် လက်ရှိချန်ပီယံ ရတနာပုံတို့ အခုပွဲကို အမှားမခံခဲ့ပါဘူး။ အမှတ်ပေးဇယား အောက်ဆုံးက ဇွဲကပင်ယူနိုက်တက်အသင်းနဲ့ တွေ့ဆုံရတာဖြစ်ပေမယ့် ရတနာပုံအသင်းဟာ ရန်ပိုင်၊ အောင်ကျော်မိုး၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်းတို့နဲ့ လူစုံထုတ်ကစားသွားပြီး ဂိုးရသလောက်သွင်းဖို့ ကြိုးစားခဲ့ပါတယ်။ အတွေ့အကြုံ နုနယ်တဲ့ ပြည်တွင်းကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ ဇွဲကပင်ယူနိုက်တက်အသင်းဟာ အခုပွဲကို ကြိုးစားခဲ့ပေမယ့် အိမ်ရှင်အသင်းကို ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။

## အနိုင်ဂိုးသွင်းယူ

ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တဲ့ ရတနာပုံအသင်းဟာ ခြေအသာနဲ့ တောက်လျှောက် ဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာတင် သုံးဂိုးပြတ်နဲ့ အနိုင်ရရှိနေခဲ့ပါတယ်။ ၁၆မိနစ်မှာ တိုက်စစ်မှူး ရန်ပိုင်က အဖွင့်ဂိုး စတင်သွင်းယူခဲ့ပြီး ၂၄မိနစ်မှာ တောင်ပံကစားသမား ရဲဇော်ထက်အောင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ ဂိုးတွေ ဆက်တိုက်ရပြီးနောက်ပိုင်းမှာ ရတနာပုံအသင်းကပဲ ဆက်တိုက်ဖိကစားသွားပြီး ၃၉မိနစ်မှာ နောက်ခံလူ ကျော်ခိုင်ဝင်းက တတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ရတနာပုံအသင်းဟာ ပွဲကို ထိန်းကစားသွားသလို ဇွဲကပင်အသင်းကလည်း ရဲရဲတင်းတင်း ပြန်ဖွင့်ကစားလာလို့ အခွင့်အရေးတွေ ပြန်ရခဲ့ပါတယ်။ ပထမပိုင်းမှာ တစ်ဖက်သတ်နီးပါး ဖိကစားခံခဲ့ရတဲ့ ဇွဲကပင်အသင်းဟာ ဒုတိယပိုင်းမှာ ချစ်ကိုကိုထွေး အစား ကျော်ကျော်ထက် ဝင်လာပြီး နောက်ပိုင်း ကစားပုံ ပိုကောင်းလာခဲ့ပါတယ်။ ဒါပေမယ့် အခွင့်အရေးတွေ အသုံးမချနိုင်လို့ ချေပဂိုးပြန်မရခဲ့ဘဲ ၈၈မိနစ်မှာ ရန်ပိုင်က ဇွဲကပင်နောက်ခံလူနဲ့ ဂိုးသမားတို့ကိုလိမ်ပြီး ရတနာပုံအတွက် စတုတ္ထ အနိုင်ဂိုးကို သွင်းယူခဲ့ပါတယ်။

## သုဝဏ္ဏကွင်း

**မနောမြေ - နှစ်ဂိုး။**
**နေပြည်တော် - တစ်ဂိုး။**

## နိုင်ပွဲဆက်

ပြီးခဲ့တဲ့ပွဲမှာ ဒယ်လ်တာကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ မနောမြေအသင်းဟာ အခုပွဲမှာ အကောင်းဆုံးပုံစံ မရခဲ့ပေမယ့် ဒုတိယပိုင်းမှာ နေပြည်တော်အသင်းရဲ့ ကစားအား ကျသွားမှုနဲ့ တစ်ယောက်အထုတ်ခံရမှုအပေါ် အခွင့်ကောင်းယူ၍ ချေပဂိုးနဲ့ အနိုင်ဂိုးသွင်းကာ နိုင်ပွဲဆက်ခဲ့ပါတယ်။ ၄၁မိနစ်မှာ သွင်းတဲ့ ဂျိုးဇက်ရဲ့ဂိုးနဲ့ နေပြည်တော်အသင်းတို့ ဦးဆောင်နိုင်ခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်လို့ ရှုံးပွဲဆက်ခဲ့ရပါတယ်။ ၇၂မိနစ်မှာ မောင်မောင်အောင်က ချေပဂိုးပြန်သွင်းခဲ့ပြီး မနောမြေအတွက် အနိုင်ဂိုးကို ၈၈မိနစ်မှာ ဝေဖြိုးက သွင်းယူခဲ့ပါတယ်။ ။

**(မြန်မာ့အလင်း)**

## ယနေ့ပွဲ

**သုဝဏ္ဏကွင်း**

**ရန်ကုန်ယူနိုက်တက် - ဆောက်သမ်းမြန်မာ။**

**ဗထူးကွင်း**

**ကမ္ဘောဇ - ဧယာဝတီ။**

**ရတနာပုံအတွက် ဒုတိယဂိုးကို ရဲဇော်ထက်အောင် ဤသို့ ခေါင်းတိုက်သွင်းယူစဉ်။**

# ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖမ်းဆီးခြင်းမပြုရန် တားမြစ်ခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၁၀ခုနှစ် ဇွန်လ ၁ရက်မှ ၂၀၁၀ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့အထိကို အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ညွှန်ကြားချက်အမှတ် (၃/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့်တည်နေရာမှာ-

**ရခိုင်ငါးဖမ်းကွက်**

မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၀မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

**ဧရာဝတီငါးဖမ်းကွက်**

မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ ဘီ-၂၀) (ငါးဖမ်းကွက် အမှတ် စီ-၃နှင့် စီ-၄တွင် ကမ်းခြေမှ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

**မွန်နှင့် တနင်္သာရီငါးဖမ်းကွက်**

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ-၈၊ ဒီ-၁၃၊ ဒီ-၁၈)နှင့် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၅၅မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၉မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၁၅မိနစ်အတွင်း (တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ဝက်ဖြူတောင်နှင့် သာများမိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်းရေပြင်။

၃။ သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး

## ရန်ကုန်တိုင်းရင်းဆေးရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်နှင့် တိုင်းရင်းဆေးဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ အလုပ်သင် တိုင်းရင်းဆေးဆရာများနှင့် သူနာပြုများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

**အားပေးစကားပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းရင်းဆေးရုံအတွင်းရှိ အနာပေါက်ရောဂါဌာန၊ မီးယပ်ရောဂါဌာန၊ ကလေးရောဂါဌာန၊ ပြင်ပလူနာဌာနနှင့် ဓာတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား တစ်ဦးချင်း အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကြည့်ရှုအားပေး

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်တိုင်းရင်းဆေးရုံတွင် တက်ရောက် ကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးစဉ်။** (ကျန်းမာရေး)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

## ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများရှင်းလင်းတင်ပြ

နေပြည်တော် မေ ၂၉

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ရက် နံနက် ၉နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတက်ရောက်၍ အမှာစကား ပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းများမှ ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသာက ဝန်ကြီးဌာနမှချမှတ်ထားသော ရည်မှန်းချက်တာဝန်များကို သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းများမှ ဦးစီးမှူးများက ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသူရိန်ဇော်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**အမှာစကား**

ထို့နောက် ဝန်ကြီး ဦးစိုးသာက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် သထုံခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးညွန့်တင်နှင့် သထုံခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မေ ၂၄ရက် နံနက် ၉နာရီက သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

**အမှာစကား**

ထို့နောက် တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ပြန်လည်ရှင်းလင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

( ၁ ) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော ''မုန်တိုင်းသတင်း''နှင့် ''မုန်တိုင်းသတိပေးချက်''များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

( ၂ ) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ''မုန်တိုင်းသတင်း''အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ''မုန်တိုင်းသတိပေးချက်''အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

( ၃ ) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

( ၄ ) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

( ၅ ) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

( ၆ ) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

( ၇ ) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

( ၈ ) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

( ၉ ) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

( ၁၀ ) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

( ၁၁ ) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

# အိမ်ထောင်ရေးပညာပေး ဟာသဇာတ်မြူး

## ဆွေတစ်ရာ မောင်တစ်ကျိပ် ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၉

**အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမီးပွား ရိုက်ကူးထားသည့် ဆွေတစ်ရာမောင်တစ်ကျိပ် အိမ်ထောင်ရေး ပညာပေးဟာသဇာတ်မြူးကား ယခုအပတ် သောကြာနေ့က သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ရုံဝင်လာသည်။**

**ဆွေတစ်ရာမောင်တစ်ကျိပ်**

ဥက္ကာနှင့်လေပြေတို့ လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ ဘဝ တစ်ခုထူထောင်ရင်း လက်ဖက်ရည်ဆိုင် ဖွင့်ကြသည်။ အကျိုးပေးသောကြောင့် လက်ဖက်ရည်က လက်မလည်အောင် ရောင်းကောင်းသည်။ လင်မယားနှစ်ယောက် မနိုင်မနင်း ဖြစ်နေ၍ အမျိုးများ ပြန်ခေါ်ပြီး ဆိုင်ဆက်ဖွင့်ရာ အမျိုးများကြောင့် ဆိုင်ပိတ်လိုက်ရသည့်အဖြစ် ကြုံရတော့သည်။ အမျိုးဒဏ်မခံနိုင်လွန်း၍ ဘယ်အမျိုးမှမလာရ စည်းကမ်းထုတ်ကာမှ လေပြေ ရင်သွေးတိုးလာမည့်အရေးကြောင့် ဆေးရုံပြေးရပုံများကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဆွေတစ်ရာ မောင်တစ်ကျိပ်တွင် ဥက္ကာဆွေအဖြစ် ခန့်စည်သူ၊ ချစ်ဆွေအဖြစ် ပြေတီဦး၊ လေပြေမျိုးအဖြစ် ခိုင်သင်းကြည်၊ လဲ့လဲ့ဆွေအဖြစ် ခိုင်နှင်းဝေတို့ အဓိက ပါဝင်ထားသည်။

**နတ်ဖြစ်ရတဲ့ဒုက္ခ**

ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်၏ **နတ်ဖြစ်ရတဲ့ဒုက္ခ**မှာ ရွှေဆောင်၊ စံပြ၊ ရွှေမန်း၊ သီတာရုံတွင် ဆက်လက်ပြသနေသည်။ နေပြည်တော်ရုံတွင် Clash of The Titans ဆက်လက်ပြသနေဆဲဖြစ်သည်။

**ရှော့ခ်ရှိတဲ့အချစ်များ**

ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ ပါဝင်ထားသည့် **ရှော့ခ်ရှိတဲ့အချစ်များ** ဇာတ်ကားမှာ မြို့လယ်ဝဇီရာနှင့် ရွှေဗဟိုရုံများတွင် ဆက်လက်ပြသနေသည်။

**မချစ်ဘဲမနေနိုင်ဘူး**

ဒါရိုက်တာကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး ပြေတီဦး၊ ရဲအောင်၊ အိန္ဒြာကျော်ဇင်၊ ချောရတနာ၊ ဇေဇေတို့ ပါဝင်ထားသော **မချစ်ဘဲမနေနိုင်ဘူး** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ပြသနေသည်။ ။ **(မြန်မာ့အလင်း)**

**ဆွေတစ်ရာ မောင်တစ်ကျိပ် ဇာတ်ကားမှ ပြေတီဦးနှင့် ခိုင်နှင်းဝေ။**

အနိုင်ရခဲ့တဲ့ မနောမြေအသင်းဟာ အခုပွဲမှာ အကောင်းဆုံးပုံစံ မရခဲ့ပေမယ့် ဒုတိယပိုင်းမှာ နေပြည်တော်အသင်းရဲ့ ကစားအား ကျသွားမှုနဲ့ တစ်ယောက် အထုတ်ခံရမှုအပေါ် အခွင့်ကောင်းယူ၍ ချေပဂိုးနဲ့ အနိုင်ဂိုးသွင်းကာ နိုင်ပွဲဆက်ခဲ့ပါတယ်။ ၄၁မိနစ်မှာ သွင်းတဲ့ ဂျိုးဇက်ရဲ့ဂိုးနဲ့ နေပြည်တော်အသင်းတို့ ဦးဆောင်နိုင်ခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်လို့ ရှုံးပွဲဆက်ခဲ့ရပါတယ်။ ၇၂မိနစ်မှာ မောင်မောင်အောင်က ချေပဂိုးပြန်သွင်းခဲ့ပြီး မနောမြေအတွက် အနိုင်ဂိုးကို ၈၈မိနစ်မှာ ဝေဖြိုးက သွင်းယူခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း**

**ရန်ကုန်ယူနိုက်တက် - ဆောက်သမ်းမြန်မာ။**

**ဗထူးကွင်း**

**ကမ္ဘောဇ - ဧယာဝတီရွှေမြေ။**



# မီးတွင်းကာလ မိခင်နှင့်ကလေးစောင့်ရှောက်မှု

ဒေါက်တာခင်မောင်လွင်

လူ့ဘဝတိုတိုလေးထဲမှာ ရေစီး ရေသာ ရေစုန် ရေဆန် လောကဓံကို ကြုံရစမြဲပါ။ ဒီအထဲမှာ အကြမ်းတမ်းဆုံး အတွေ့အကြုံအဖြစ် မြန်မာမှုမှာ **"ယောကျ်ား ဖောင်စီး မိန်းမမီးနေ"** လို့ အသိအမှတ်ပြုခဲ့ပါတယ်။ အသက်အန္တရာယ်အရှိဆုံး အခြေအနေမျိုးတွေအဖြစ် ညွှန်းဆိုကြပါတယ်။ ဒါပေမယ့် ယောကျ်ားတိုင်း ဖောင်မစီးကြပါဘူး။ မိန်းမအများစုကတော့ မီးနေကြပါတယ်။ အိမ်ထောင်မရှိသူ၊ အိမ်ထောင်မပြုသူ သားသမီးမလိုချင်သူတွေကလွဲလို့ မီးနေသမှု ပြုကြရပါတယ်။ သားသမီးမရလို့ မီးနေဒုက္ခမကြုံရသူ အနည်းအကျဉ်းကို ဖယ်လိုက်ရင် မြန်မာနိုင်ငံမှာ ပျမ်းမျှတစ်နှစ်အတွင်း မီးနေသည် ၁၃သိန်းလောက် ရှိပါတယ်။

မီးနေတဲ့ကိစ္စမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကွာဟချက်ကြီးမားလှပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ သဘာဝလူဦးရေတိုးနှုန်း လျော့ပါးရုံသာမက လူဦးရေ လျော့နည်းလာတဲ့ အခြေအနေမျိုးပါ ကြုံတွေ့နေကြရပါတယ်။ ရှားရှားပါးပါး ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေးတွေကိုလည်း အဖိတ်အစဉ်မရှိအောင် ဂရုစိုက်နေကြပါတယ်။ ခေတ်မီနည်းတွေနဲ့ မွေးဖွားပေးနိုင်တာမို့ မီးနေစရာမလိုတော့ပါဘူး။ သူတို့ဆီမှာ မီးနေသည်မရှိပါဘူး။

ကျွန်တော်တို့ဆီမှာတော့ မီးနေသည်တွေရှိတုန်းပါပဲ။ ကိုယ်ဝန်ဆောင်အများစုကြီးဟာ မီးနေသည်အလုပ်ကို လုပ်နေကြဆဲပါပဲ။ မီးနေသည်ဆိုတဲ့စကား ဘယ်ကဆင်းသက်လာသလဲ။ 'မီးနေတယ်' 'မီးတွင်း' ဆိုတဲ့စကားတွေ ဘာကြောင့်သုံးကြသလဲဆိုတာ စိတ်ဝင်စားစရာပါ။ မြန်မာမှုမှာ 'မွေး' ဆိုတဲ့ ကိစ္စဟာ 'မီး' နဲ့ ပတ်သက်နေတယ်။ 'မီးနေခန်း' ဆိုတဲ့ မွေးဖွားခန်းကို ပြင်ဆင်ရာမှာ ထင်းစုရတာ၊ ရေခပ်ရတာ၊ နန္နင်း၊ ဆားစုကြတာ ခုထိတွေ့ရတုန်းပါပဲ။

၂၀၀၉ ခု သုတေသနတစ်ခုမှာ ကိုယ်ဝန်ဆောင်တွေရဲ့ ၆၁ ရာခိုင်နှုန်းဟာ အိမ်မှာမွေးဖွားကြတယ်လို့ ဆိုပါတယ်။ သုတေသနပြုလုပ်ရာဒေသတွေက အိမ်မှာ မီးနေကြသူတွေရှိကြသလို ဆေးရုံ၊ ဆေးခန်းမှာ မွေးဖွားခဲ့ကြသူတွေထဲမှာလည်း အိမ်ပြန်မီးနေကြသူတွေရှိပါတယ်။ ဒီကိစ္စဟာ အမျိုးသားတစ်ယောက်အတွက် နားလည်ဖို့ခက်တဲ့ ကိစ္စဖြစ်ပါတယ်။ ခေတ်ပေါ်ဆေးဆရာတွေ နားလည်ဖို့လည်း ခက်လှပါတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ ကျန်းမာမှုမြှင့်တင်ရေး **(Health Promotion)** အတွက် ရိုးရာနည်းနဲ့ လုပ်ဆောင်လေ့ရှိကြတာကို စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးကိုယ်တိုင် လိုက်နာကျင့်သုံးခဲ့ကြောင်း လေ့လာမှတ်သားရပါတယ်။

မြန်မာအမျိုးသမီးတွေ မီးတွင်းမှာ ဘာလုပ်ကြသလဲဆိုတာ လေ့လာစရာတစ်ခုပါပဲ။ မနှစ်က ကျွန်တော်တို့ မြန်မာမိသားစုတို့ရဲ့ မီးတွင်းကာလအတွက် ပြင်ဆင်မှုကို ပဏာမလေ့လာချက် စာတမ်းတစ်ခု မြန်မာနိုင်ငံ တိုင်းရင်းဆေးညီလာခံမှာ တင်သွင်းခဲ့ပါတယ်။ အကြမ်းဖျင်းမျှ သိရတဲ့ ရှေ့ပြေး သုတေသနတစ်ခုသာဖြစ်ပေမယ့် ပရိသတ်က စိတ်ဝင်စားကြပါတယ်။ တိုင်းရင်းဆေးဆရာကြီးတွေရော၊ သုတေသီတွေရော လက်ခံကြပြီး ဆက်လက်သုတေသနပြုဖို့ တိုက်တွန်းကြပါတယ်။ မီးနေဖို့ ကြိုတင်စုဆောင်းကြတဲ့ ပစ္စည်းတွေ၊ မီးနေခန်း ပြင်ဆင်မှုတွေ၊ မီးတွင်းကာလ မိခင်နှင့်ကလေး စောင့်ရှောက်မှုတွေအကြောင်း လေ့လာဖို့ များစွာကျန်နေပါသေးတယ်။ တိုင်းရင်းဆေးကျမ်းတွေမှာလည်း မီးယပ်ရောဂါအကြောင်းသာ အရေးများပြီး သားဖွားတဲ့အကြောင်းရေးတာ သိပ်မတွေ့မိသေးပါဘူး။ ရိုးရာအစဉ်အလာအရ ပြုမူဆောင်ရွက်နေတဲ့ဓလေ့တွေကို သိပ္ပံနည်းကျလေ့လာပြီး လက်တွေ့အသုံးချနိုင်မယ့် နည်းပညာတွေအဖြစ် အသုံးပြုရင် အကျိုးရှိမှာ သေချာပါတယ်။

မီးနေတယ်ဆိုတဲ့ စကားအတိုင်းပဲ မီးနေခန်းထဲမှာ မီးဖိုထားကြတာ တွေ့နိုင်ပါတယ်။ အပူရှိန်၊ မီးခိုးငွေ့တွေနဲ့ မီးနေသည်သာမက မွေးစကလေးပါ ထိတွေ့နေကြရတယ်။ ရှေးခေတ်နန်းတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ 'မီးမကင်ဆေး' ဆိုတဲ့ ဝေါဟာရကို လေ့လာကြည့်ရင် ရှေးရှေးကတည်းက ကျေးလက်ဒေသအောက်ခြေမှာ 'မီးကင်' နေကြတယ်လို့ ကောက်ချက်ဆွဲနိုင်ပါတယ်။ မီးကင်တဲ့အလုပ်၊ အုတ်ပူတိုက်တဲ့အလုပ်၊ ချွေးအောင်းတဲ့အလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ပေးနိုင်သူတွေ ရပ်တိုင်း ရွာတိုင်းမှာ ရှိနေပါတယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာလည်းရှိပါတယ်။

အမေ၊ အဘွား၊ ကြီးတော်၊ ယောက္ခမ စတဲ့မိသားစုထဲက အမျိုးသမီးကြီးတွေက စောင့်ရှောက်ပေးကြသလို ရပ်ရွာထဲမှာ ကျွမ်းကျင်သူတွေရှိရင်လည်း အကူအညီတောင်းကြရပါတယ်။ လက်သည်လို့ အလွယ်တကူခေါ်ကြပေမယ့် ဝန်ဆောင်မှုပေးပုံခြင်း မတူတာတွေ ရှိနေပါတယ်။ ကိုယ်ဝန်ဆောင်မွေးဖွားတဲ့နေရာမှာတော့ ကျွမ်းကျင်တဲ့ မွေးဖွားသူ **(Skilled Birth Attendent)** လိုအပ်တာမှန်ပါတယ်။ အနိမ့်ဆုံးအဖြစ် တာဝန်ရှိသားဖွားဆရာမကို သတ်မှတ်ပေးထားပါတယ်။ ဒါပေမယ့် မီးတွင်းကာလတစ်ခုလုံးမှာ အနီးကပ် ကူညီစောင့်ရှောက်ပေးနေတဲ့ လက်သည်တွေရဲ့ အခန်းကဏ္ဍကို လျှော့တွက်လို့မရဘူးဆိုတာ တွေ့နေရပါတယ်။

အာဖရိကတိုက်မှာ ဘွတ်ရှ်မင်း **(Bushman)**ဆိုတဲ့ တိုင်းရင်းသားတွေ မီးဖွားပုံက စိတ်ဝင်စားစရာကောင်းပါတယ်။ ချုံထဲကလူသားတွေလို့ နာမည်ပေးထားတာနဲ့ ကိုက်ညီစွာ ဆာဟာရသဲကန္တာရအနားမှာ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာရင်း အမဲလိုက်ကာ ဘဝရပ်တည်ကြတဲ့ လူမျိုးတွေပါ။ ကိုယ်ဝန်ဆောင်ဟာ လစေ့လို့ မွေးခါနီးဗိုက်နာရင် ကိုယ်တစ်ယောက်တည်း လူအုပ်နောက်မလိုက်ဘဲ ချန်နေခဲ့ပါတယ်။ နီးရာချုံထဲဝင်ပြီး ကိုယ့်ဘာသာကိုယ်မွေးရပါတယ်။ ကလေးချက်ကြိုး ကိုယ်တိုင်ဖြတ်ရပါတယ်။ အချင်းထွက်လာပြီးရင် ကိုယ့်ကလေးကိုယ်ပိုက်ပြီး လူအုပ်နောက်ကို အမီလိုက်ရပြန်ပါတယ်။

"အားနွဲ့သူပါ" လို့ စာမဖွဲ့ရလောက်အောင် မနွဲ့ကြရတဲ့ အမျိုးသမီးတွေ မြန်မာပြည်မှာလည်း ရှိကြပါတယ်။ တိုင်းရင်းသူတချို့ဆိုရင် ကလေးမီးဖွားပြီး မကြာခင်မှာပဲ အိမ်အလုပ်သာမက ထင်းခွေ၊ ရေခပ်အလုပ်ကိုပါ လုပ်ကြပါတယ်။ 'မီးနေခြင်း' ဆိုတဲ့ သဘာဝကျတဲ့ဒုက္ခကို မွေးလာတဲ့သားသမီးပေါ်မှာထားတဲ့မေတ္တာ၊ မိသားစုရဲ့တန်ဖိုးနဲ့ နှိုင်းစာပြီး ကျော်လွှားကြရတာပါပဲ။ ဒီလိုလူမှုအသိုင်းအဝိုင်းမျိုးမှာတော့ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းဆိုတာ ချောက်ချားစရာ အကြောင်းအရာမဟုတ်ဘဲ လူတိုင်းနဲ့ ဆက်စပ်နေတဲ့ ကိစ္စတစ်ခုလို့ သတ်မှတ်ကြတယ်။ သဘာဝလွန် အယူအဆတွေသာ ကိုယ်ဝန်ဆောင်မိခင်ကို စိတ်ပိုင်းဆိုင်ရာ ထိုးနှက်မှုတွေပြုနေကြတာပါ။ 'ကိုယ်ဝန်ဆောင်မိခင်ဟာ သင်္ချိုင်းကို တစ်နေ့သုံးခါ မျက်စောင်းထိုးနေရတယ်' ဆိုတဲ့ စကားသာ မှန်မယ်ဆိုရင် ဘွတ်ရှ်မင်းမျိုးနွယ်စုတွေ၊ တိုင်းရင်းသားမျိုးနွယ်စုတွေ ကွယ်ပျောက်သွားတာ ကြာလှပါပြီ။ ကိုယ်ဝန်ဆောင်စဉ်မှာ ဇီဝကမ္မဗေဒဆိုင်ရာ အပြောင်းအလဲတွေကြောင့် ခန္ဓာဗေဒဖွဲ့စည်းမှုမှာပါ လိုက်လျောညီထွေ ပြောင်းလဲပြီး မွေးဖွားလွယ်ဖို့ ပြင်ဆင်ထားလို့သာ ကမ္ဘာဦးကတည်းက ကိုယ်ဝန်ဆောင်တွေ လွယ်လွယ်ကူကူ မီးဖွားနိုင်ကြပါတယ်။ အခုလောက်အထိ လူဦးရေများလာတာလည်း မွေးဖွားရခြင်းရဲ့ သဘာဝကျမှုကြောင့်သာဖြစ်ပါတယ်။ မွေးပေးတဲ့သူရှိမှ ကလေးက ထွက်လာတာ မဟုတ်ပါဘူး။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက ဇာတ်နာအောင်ရိုက်ပြတဲ့အနေနဲ့ ကိုယ်ဝန်ဆောင်မိခင်ရဲ့ ဒုက္ခတွေ၊ ဝေဒနာခံစားမှုတွေ၊ သေကျေပျက်စီးမှုတွေကို ဖန်တစ်ရာတေအောင် ရိုက်ပြခဲ့ကြပါတယ်။ ကြည့်တဲ့သူတွေ စိတ်ထိခိုက်သွားအောင်၊ ရုပ်ရှင်ကိုကြိုက်သွားအောင် ဖန်တီးကြတာမှန်ပေမယ့် တကယ့်ဘဝထဲမှာ လွဲမှားတဲ့အယူအဆတွေဖြစ်မှာစိုးလို့ ကျွန်တော်တို့တစ်တွေ ဆင်ဆာလုပ်ကြရပါတယ်။ မွေးဖွားရခြင်းကို ပြင်းထန်တဲ့ဝေဒနာအဖြစ် အနီးကပ်ရိုက်ပြ၊ ရှည်ရှည်ဝေးဝေးရိုက်ပြရင် ဖြတ်ပစ်လိုက်ပါတယ်။

ဝမ်းတွင်းမြို့နယ်ထဲက 'ပြည့်စုံကုန်း' ဆိုတဲ့ရွာမှာ ကျွန်တော့်မိတ်ဆွေတစ်ဦးရှိပါတယ်။ မသန်းရဲ့ ဇာတ်လမ်းဟာ ဗီဒီယိုထဲကထက်တောင် ထူးပါတယ်။ ဒါပေမယ့် သူ့ရဲ့ ကိုးယောက်မြောက်သားဦးရတနာလေးကို မကြာခင်ကပဲ ချောမောစွာဖွားမြင်ခဲ့ပါတယ်။ ကျေးလက်သူတွေထဲမှာ သားသမီးတွေ အများကြီး လွယ်လွယ်ကူကူ မွေးဖွားနိုင်ကြလျက်နဲ့ မြို့ပြမှာ ဇာချဲ့နေကြလို့ သဘာဝနဲ့ကင်းကွာပြီး သားသမီးတားဆီးရေးတွေ အကြီးအကျယ် ရှေ့တန်းတင်နေကြတာကိုလည်း တွေ့နေရပါတယ်။ 'လွန်းလေးလွန်း' လို့ သတ်မှတ်ထားတဲ့ 'ငယ်လွန်းခြင်း၊ ကြီးလွန်းခြင်း၊ နည်းလွန်းခြင်း၊ များလွန်းခြင်း' ဆိုတဲ့ အချက်လေးချက်ကို သတိထားရင် ကိုယ်ဝန်ဆောင်မှာ အန္တရာယ်နည်းပါတယ်။ 'မသန်းရယ် … ကိုးယောက်ဆိုတော့ များလွန်းပြီ' လို့ တစ်ခွန်းတော့ မှတ်ချက်ပေးခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် မီးနေသည်တစ်ယောက်ရဲ့ဘဝမှာ ခင်ပွန်းသည်ဟာ အရေးကြီးဆုံးပါ။ မီးနေဖို့အတွက် ပြင်ဆင်ရာမှာလည်း အတူတကွရှိကြပါတယ်။ မွေးတဲ့အချိန်ကလေးမှာတော့ မီးနေခန်းဟာ ယောကျ်ားအတွက်ကန့်သတ်နယ်မြေ **(Out-of-bound)** ဖြစ်သွားပါတယ်။ မီးနေကာလတစ်လျှောက်လုံးမှာ အဝေးကနေပဲ ပြုစုကြရတာပါ။ အနီးကပ် အမျိုးသမီးဖော်တွေက လိုအပ်သလို စီမံခန့်ခွဲသွားတာကို နာခံကြရပါတယ်။ တချို့ယောကျ်ားတွေဆိုရင် မီးနေ အဝတ်အစားတွေပါ ဝိုင်းကူလျှော်ပေးရတယ်လို့ ပြောကြပါတယ်။ "ကိုယ်တိုင် မလျှော်ရင် ဘယ်သူလျှော်မှာလဲ" လို့ ဖြေကြသူတွေရှိပါတယ်။ ခင်ဗျားတို့ မိခင်တွေက ကျေနပ်ရဲ့လား ထပ်မေးတော့ ပြုံးနေကြပါတယ်။ မဖြေဘူး။ တိုင်းရင်းသားတွေ၊ တောင်ပေါ်သားတွေထဲမှာ ယောကျ်ားက လက်သည်လုပ်ပြီး မွေးပေးကြသူတွေ အများကြီးရှိပါတယ်။ ကိုယ့်ဇနီးကို ကိုယ်တိုင်မွေးပေးတယ်။ ရပ်ရွာအခက်အခဲရှိရင်လည်း ကူညီတယ်။ ယောကျ်ားတွေ မီးနေခန်းထဲကိုဝင်ပြီး ဇနီးမယားကို အားပေးရမယ်ဆိုတဲ့ အင်္ဂလန်က နောက်ဆုံးပေါ်အတွေးအခေါ်ကို မြန်မာတွေ ပြုမူဆောင်ရွက်နေတာ နှစ်ပေါင်းရာထောင်ရှိခဲ့ပါပြီ။

မြန်မာ့ဓလေ့ထဲမှာ အားနည်းချက်တစ်ခုကတော့ မွေးစကလေး ပြုစုစောင့်ရှောက်ရေးပါပဲ။ မြန်မာမှာသာမက ကမ္ဘာပေါ်မှာလည်း ဒီကိစ္စကို စနစ်တကျ ဆောင်ရွက်နိုင်သူတွေ နည်းနေပါသေးတယ်။ ဆရာဝန်တွေထဲမှာတောင် မွေးစကလေး စောင့်ရှောက်ရေးပညာ **(Neonatology)** ကို တတ်သိနားလည်သူတွေ ရှားပါတယ်။ တစ်နှစ်အောက် ကလေးသေနှုန်း **(IMR)** ကို လျှော့ချချင်ရင် အဲဒီ အားနည်းချက်ကို လျင်လျင်မြန်မြန် ပြုပြင်ကြဖို့ လိုအပ်နေပါတယ်။ ကလေးငယ်မွေးမွေးချင်းမှာ ဆောင်ရန်ရှောင်ရန်တွေ ရှိနေပါတယ်။ ဆရာဝန်မျက်စိနဲ့ကြည့်ရင် အများကြီးရှိပေမယ့် ကျေးလက်ဒေသက မိဘတွေအနေနဲ့ လွယ်လွယ်ကူကူ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို သတ်မှတ်ပေးဖို့၊ လက်တွေ့ဆောင်ရွက်ဖို့ စည်းရုံးပညာပေးနေကြရပါတယ်။

မွေးစကလေးကို မိခင်ရဲ့ နို့ဦးရည်ကြည်တိုက်ဖို့၊ မွေးပြီး နာရီဝက်အတွင်းမှာ ကလေးကို နို့စို့ခိုင်းဖို့၊ ကလေးငယ်ကို နွေးထွေးစွာထားဖို့၊ သန့်ရှင်းစွာထားဖို့၊ သန့်ရှင်းစွာပွေ့ပိုက်ယုယဖို့ အဓိကဖြစ်ကြောင်း ပညာရှင်တွေက ပြောလာကြပါတယ်။ အဲဒီအချက်လေးတွေတောင်မှ လက်တွေ့မှာ မလုပ်ကြတာ တွေ့ရပါတယ်။ မိဘတွေက မသိကြတာတွေ့ရပါတယ်။ ရိုးရာအစဉ်အလာ စောင့်ရှောက်မှုတွေထဲမှာ သင်ကြားမှုမပြုလုပ်ကြတာလည်း တွေ့ရပါတယ်။ တိုင်းရင်းသူတချို့နဲ့ ဒီကိစ္စတွေဆွေးနွေးဖြစ်ပါတယ်။ သူတို့က နို့ဦးရည်ကြည်ဆိုတဲ့အရာဟာ နို့အဟောင်းတွေဖြစ်လို့ ကလေးအသစ်အတွက် အန္တရာယ်ဖြစ်မယ်လို့ ယုံကြည်နေကြပါတယ်။ ဖွေးဖြူတဲ့ နို့ရည်ထွက်လာမချင်း ညှစ်ထုတ်ပစ်ကြပါတယ်။ ဒီလို အယူအဆတွေရှိနေတဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသတွေကို ဘယ်သူတွေသွားပြီး ဘယ်လိုပညာပေးကြမှာလဲ။

ကျွန်တော်ကတော့ ရပ်ရွာမှာ အခြေစိုက်နေကြတဲ့ မိခင်နှင့်ကလေးအဖွဲ့ဝင်တွေကို ပြေးမြင်မိတယ်။ သူတို့တွေကသာ စနစ်ကျတဲ့၊ လွယ်ကူတဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အတတ်ပညာတွေကို ကျေးလက်ဒေသ အောက်ခြေအထိ ဖြန့်ဝေပေးနိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ရဲ့ ဗဟိုကျန်းမာရေးပညာဌာနမှာတော့ စီမံချက်နဲ့ လေ့ကျင့်သင်ကြားပေးထားတဲ့ စေတနာရှင်ပေါင်း ငါးသောင်း လောက်ရှိနေပေမယ့် သူတို့လွှမ်းခြုံပေးနိုင်တဲ့ လူဦးရေဟာ မြန်မာနိုင်ငံရဲ့ ဆယ်ပုံတစ်ပုံစာပဲရှိပါတယ်။ သူတို့ကတစ်ဆင့် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း လက်တွေ့ပါ ရပ်ရွာထဲမှာ ကူညီနေကြပါတယ်။ သူတို့အားလုံးဟာ မြို့နယ်နဲ့ ရပ်ရွာ မိခင်ကလေးအဖွဲ့ အစည်းတွေရဲ့ ကြီးကြပ်ကူညီစောင့်ရှောက်မှုကို ခံယူဆောင်ရွက်နေကြပါတယ်။

ကိုယ်ဝန်ဆောင်သည်တွေ စနစ်တကျအန္တရာယ်ကင်းစွာ မွေးဖွားနိုင်ဖို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး တည်ရှိရာနေရာမှာ စီစဉ်ပေးထားတာ ကျွန်တော်တွေ့နေရပါတယ်။ မြို့နယ်တွေမှာ သားဖွားခန်းတွေ တည်ထောင် စောင့်ရှောက်နေတာလည်း တွေ့ရပါတယ်။ တချို့ဒေသတွေမှာ မမွေးဖွားခင် လာရောက်နေထိုင် ပြင်ဆင်နိုင်တဲ့ နေရာကလေးတွေ **(Maternity waiting home)** စီစဉ်ပေးထားတာလည်း တွေ့နေရပါတယ်။ အဲဒီကြိုးစားအားထုတ်မှုတွေကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ပြီး ကျေးလက်ဒေသအောက်ခြေအထိ အရောက်လှမ်းနိုင်သည်နှင့်အမျှ မွေးမိခင်တွေရဲ့ ဘဝနဲ့ မိခင်နှင့် ကလေးများအားလုံး အသက်ရှည်ဖို့၊ ကျန်းမာဖို့ကို ဆောင်ကြဉ်းနိုင်မှာ ဖြစ်ပါတယ်။

မီးတွင်းကာလ မိခင်နှင့်ကလေး စောင့်ရှောက်မှုကို အထူးပြုပြီး ကျွန်တော်တို့အားလုံး ကျရာကဏ္ဍက တာဝန်သိစွာ၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြပါစို့။ ။

## မူးယစ်ဆေးဝါးအလွဲသုံးမှု တားဆီးကာကွယ်ရေးဆွေးနွေးပွဲ ကြည့်မြင်တိုင်မြို့နယ် မျက်မမြင်ကျောင်း၌ ကျင်းပ

ရန်ကုန် မေ ၂၉

ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲကို မေ ၂၅ရက် နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ မျက်မမြင်ကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ငွေကြယ်ပွင့်လူငယ် ဥက္ကဋ္ဌ ဦးမြင့်ခိုင်တို့က အမှာစကား ပြောကြားကြပြီး ငွေကြယ်ပွင့် ကော်မတီဝင် ဒေါ်အေးအေးအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြည်က ကျေးဇူးတင်စကားပြောကြား၍ ငွေကြယ်ပွင့်လူငယ်ကလေးများက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သရုပ်ပြတင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင်မြို့နယ် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ချန်ပီယံအင်တာကို ကျောခိုင်းထွက်ခွာသွားသော မော်ရင်ဟို....

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၂၉

**ဝှတ်ဘိုင်ဟု မော်ရင်ဟို နှုတ်ဆက်မှုကို အင်တာမီလန်ကလပ်ဥက္ကဋ္ဌ မိုရက်တီ အသိအမှတ်ပြုကာ လက်ဆန့်တန်းနှုတ်ဆက်လိုက်သည်။ နှုတ်မှ စကားတစ်လုံးမှ မထွက်လာသော်လည်း မိုရက်တီရင်ထဲ၌ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ကို ခံစားနေရသည်။ မော်ရင်ဟို အင်တာမီလန်ကလပ်ကို ကျောခိုင်းထွက်ခွာခဲ့လေပြီ။**

## ဂုဏ်ပြု

အင်တာမီလန်ကို ပြီးခဲ့သည့် ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဖလား၊ စီးရီးအေဖလား၊ ကိုပါအီတာလီယာဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သဖြင့် မော်ရင်ဟိုကို အင်တာမီလန်ကလပ်ဥက္ကဋ္ဌ မိုရက်တီက ဂုဏ်ပြုညှော့ခံပွဲ ကျင်းပပေးခဲ့သည်။ ထိုညှော့ခံပွဲသည် အင်တာမီလန်နှင့် မော်ရင်ဟိုတို့ ပတ်သက်ဆက်စပ်မှု နောက်ဆုံးပင် ဖြစ်ခဲ့သည်။ မော်ရင်ဟို ရီးရဲမက်ဒရစ်သို့ ဦးတည်သွားခဲ့လေပြီ ဖြစ်သည်။

အသက် ၄၇ နှစ်ရှိသည့် မော်ရင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီ ရှစ်ရာသီတွင် နိုင်ငံသုံးနိုင်ငံပြောင်းပြီး နည်းပြလုပ်ခဲ့သည်။ ပေါ်တူဂီ၌ ပေါ်တိုကလပ်၊ အင်္ဂလန်၌ ချယ်လ်ဆီးကလပ်နှင့် အီတလီ၌ အင်တာမီလန်ကလပ်တို့ဖြစ်သည်။ မော်ရင်ဟိုနည်းပြအဖြစ် တာဝန်ယူခဲ့သည့် အသင်းတိုင်း နာမည်ကြီးခဲ့သည်။ ဆုဖလားများ ရရှိခဲ့သည်။ အောင်မြင်မှုတွေ စည်ဝေစေခဲ့သည်။ ထို့အပြင် အားကစားမီဒီယာလောကကိုလည်း ရောက်လေရာနေရာတိုင်း၌ ကိုင်လှုပ်နိုင်ခဲ့သည်။

## ခေါ်ယူ

နည်းပြအဖြစ် တာဝန်ယူခဲ့သည့် အသင်းတိုင်းအား ဆုဖလားများကို အံ့သြဖွယ်ကောင်းအောင် ရယူပေးနိုင်သည့် မော်ရင်ဟို၊ အပြောနှင့်အလုပ်လက်တွေ့ကျသည့်

မော်ရင်ဟိုကို ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ် သဘောကျကာ ကြိုက်စျေးပေးပြီး ခေါ်ယူလိုက်ပြီဖြစ်သည်။ ရီးရဲမက်ဒရစ်ကလပ် အောင်မြင်မှုများနှင့်အတူ ဆုဖလားများရရှိခဲ့လျှင် လုပ်ခလစာအဖြစ် မော်ရင်ဟိုစိတ်ကြိုက်ဖြစ်စေရမည်ဟု ကြိုတင်ကတိများပင် ပေးခဲ့သည်။ ရီးရဲမက်ဒရစ်ကို မော်ရင်ဟိုလက်ထဲသို့ ပီရက်ဇ်ထိုးအပ်လေပြီ။ မော်ရင်ဟို ကြိုက်သလိုပုံသွင်း၍ရသည်။ မိမိတို့တစ်ခွန်းမျှ ဝင်မစွက်ဖက်ပါ။ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးမည်ဟူသော စကားများကို ပီရက်ဇ်က အထပ်ထပ်ပြောခဲ့သည်။

မော်ရင်ဟိုက ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်နှင့် သုံးနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။ မိမိစိတ်တိုင်းကျ လုပ်ကိုင်ခွင့်ရလျှင် ရီးရဲမက်ဒရစ်ကို ဆုဖလားများရရှိစေရမည်ဟု ရဲရဲဝံ့ဝံ့ အာမခံခဲ့သည်။ ထူးချွန်ထက်မြက်သော ကစားသမားကောင်းများရှိနေသည့် ရီးရဲမက်ဒရစ်၌ ကစားသမား အသစ်ခေါ်ယူရေးမှာ အဓိကမကျပေ။ နည်းစနစ်ပိုင်းသာ အရေးကြီးသည်ဟု မော်ရင်ဟို ဆိုခဲ့သည်။

## ငွေကြေး

ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ ပီရက်ဇ်က မော်ရင်ဟိုအား လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ လေးနှစ်တာကာလတွင် နည်းပြအဖြစ် တစ်နှစ်လုပ်ခပေါင် ၈ဒသမ၅သန်း သတ်မှတ်ကာ ပေါင် ၃၂သန်းကျော် လုပ်ခလစာ ပေးမည်ဆိုသည်။ အခြားအရပ်ရပ် ဆုကြေးငွေများလည်း ထပ်လောင်းပေးမည်။ မော်ရင်ဟိုက "မိမိသည် ငွေကြေးထက် ဆုဖလားများရယူပေးနိုင်မှု ခံစားချက်ကို ပို၍ခုံမင်မက်မောပါသည်"ဟု ဆိုခဲ့သည်။

ထို့ကြောင့် ရီးရဲမက်ဒရစ်နှင့် မော်ရင်ဟိုတို့၏ အောင်မြင်မှုနှင့် ဆုဖလားများ ရယူပေးနိုင်မှု အခြေအနေမည်သို့ဖြစ်ပေါ်လာမည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

# ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲအထိ ကစားနိုင်မည်

## ဂျပန်နည်းပြ အိုကာဒါပြောကြား

တိုကျို မေ ၂၉

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းကို လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဂျပန်အသင်းနည်းပြ တာကီရှီအိုကာဒါက ပြောကြားသည်။

## ရှုံးနိမ့်

သို့သော် ဂျပန်နည်းပြအိုကာဒါသည် အာရှပြိုင်ဘက် တောင်ကိုရီးယား အသင်းကို မေ ၂၅ရက်က အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ဖိအားပေးခံနေရသည်။ ဂျပန်အသင်းသည် တောင်ကိုရီးယားအသင်းအပြင် ဧပြီလအတွင်းက ဆားဘီးယားအသင်းကိုလည်း သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

## ခြေစမ်းပွဲ

ဂျပန်အသင်းသည် လာမည့် တောင်အာဖရိက ကမ္ဘာ့ဖလားအုပ်စုပြိုင်ပွဲများအဖြစ် နယ်သာလန်၊ ကင်မရွန်း၊ ဒိန်းမတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျပန်အသင်းသည် ကမ္ဘာ့ဖလားမတိုင်မီ ဇွန် ၄ရက်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားသည်။ **(အင်တာနက်)**

# နည်းပြ ပယ် လီဂရင်နီအား ရီးရဲမက်ဒရစ် ရာထူးမှဖယ်ရှား

မက်ဒရစ် မေ ၂၉

ရီးရဲမက်ဒရစ်နည်းပြကြီး ပယ်လီဂရင်နီအား ၄င်းကလပ်က မော်ရင်ဟိုကို အစားထိုးခန့်အပ်ရန်အတွက် ရာထူးမှ ဖယ်ရှားလိုက်ပြီဖြစ်သည်။

## ရာထူးမှဖယ်ရှား

မိမိအနေဖြင့် အမှားတစ်ခုကို လုပ်ခဲ့သည်ကို ဝန်ခံပါကြောင်း၊ သို့သော် မော်ရင်ဟိုအား ခန့်ထားရေးအတွက် လက်ရှိနည်းပြကို ရာထူးမှဖယ်ရှားရခြင်းဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလောရင်တီနို ပီရက်ဇ်က ပြောကြားသည်။

## နုတ်ထွက်ခွင့်ပြု

အင်တာမီလန်အနေဖြင့်လည်း မော်ရင်ဟိုအား ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် နုတ်ထွက်ခွင့်ပြုလိုက်ပြီ ဖြစ်သည်။



သို့သော် မော်ရင်ဟိုအနေဖြင့် အင်တာမီလန်နှင့် ၂၀၁၂ခုနှစ်အထိ စာချုပ် ချုပ်ထားခြင်းကြောင့် မော်ရင်ဟိုထံမှ လျော်ကြေးငွေပေါင် ၁၃ ဒသမ ၅သန်းကို အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက တောင်းဆိုထားသည်။

## ဖိအားပေး

အသက် ၅၆နှစ်ရှိ ပယ်လီဂရင်နီသည် ယခုနှစ်အတွင်း ရီးရဲမက်ဒရစ်အသင်းကို ဖလားတစ်လုံးမျှ ဆွတ်ခူးပေးနိုင်ခဲ့ခြင်းမရှိ၍ ရီးရဲမက်ဒရစ်တာဝန်ရှိသူများ၏ ဖိအားပေးခံခဲ့ရသည်။ **(အင်တာနက်)**

# လာမည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ ကွင်းလယ်ကစားသမားအက်ဆီယံ လွဲချော်

လန်ဒန် မေ ၂၉

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂါနာအသင်းတွင် အဓိကအားထားရသည့် ကွင်းလယ်ကစားသမား အက်ဆီယံမပါဝင်နိုင်တော့ကြောင်း ဂါနာအသင်းဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

## ပြောကြား

ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယံသည် ရရှိထားသောဒဏ်ရာမှာ ဇူလိုင်လကုန်သည့်တိုင်အောင် ပြန်ကောင်းလာနိုင်လိမ့်မည် မဟုတ်ကြောင်း ဂါနာအသင်းတာဝန်ရှိသူများက ပြောကြားသည်။

## ခန့်မှန်း

အက်ဆီယံသည် လာမည့်ကမ္ဘာ့ဖလားပွဲ မပါဝင်နိုင်ခြင်းကြောင့် ဂါနာလက်ရွေးစင် ဘောလုံးသမားဘဝမှလည်း အဆုံးသတ်သွားနိုင်ကြောင်း မီဒီယာများက ခန့်မှန်းပြောဆိုလျက်ရှိသည်။

## ယှဉ်ပြိုင်

ဂါနာအသင်းသည် လာမည့်ကမ္ဘာ့ဖလားပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ဂျာမနီ၊ သြစတြေးလျနှင့် ဆားဘီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

# ကွင်းလယ်ကစားသမား အိုဘီမီခေးလ် နိုင်ဂျီးရီးယားအသင်းတွင် ပါဝင်ကစားနိုင်မည်

လန်ဒန် မေ ၂၉

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျွန်အိုဘီမီခေးလ်သည် ဒဏ်ရာမှ သက်သာလာ၍ နိုင်ဂျီးရီးယား ကစားဖော်များနှင့် ပြန်လည်လေ့ကျင့်နေပြီ ဖြစ်သည်။

## ပူပန်နေ

ဒူးခေါင်းခွဲစိတ်ကုသမှု ခံယူနေရသော မီခေးလ်အတွက် နိုင်ဂျီးရီးယား ဘောလုံးပရိသတ်များက လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မပါဝင်နိုင်မည်ကို စိုးရိမ်ပူပန်နေကြသည်။

## လွဲချော်

အသက် ၂၃နှစ်ရှိ မီခေးလ်သည် ဧပြီလအတွင်းက ယင်းဒဏ်ရာကြောင့် ချယ်လ်ဆီးနှင့်အတူ ပရီမီယာလိဂ်လေးပွဲ၊ အက်ဖ်အေဖလား ဗိုလ်လုပွဲများနှင့် လွဲချော်ခဲ့ရသည်။

နိုင်ဂျီးရီးယားအသင်းသည် မေ ၃၀ရက်တွင် အင်္ဂလန်၌ ကိုလံဘီယာအသင်းနှင့် ခြေစမ်းပွဲကစားပြီး ဇွန် ၆ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် ဆက်လက်ခြေစမ်းပွဲကစားမည်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

# အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

## ဝက်စ်ဟမ်းနှင့် စာချုပ်ရန် ယာကူဘူ သဘောတူညီ

*အဲဗာတန် တိုက်စစ်မှူး ယာကူဘူသည် ဝက်စ်ဟမ်းနှင့် စာချုပ် တစ်ရပ်ချုပ်ဆိုရန် သဘောတူညီခဲ့ပြီး ဝက်စ်ဟမ်းနည်းပြ အေဗရန်ဂရန့်၏ ပထမဆုံး စာချုပ်ခေါ်ယူသည့် ကစားသမားဖြစ်လာဖွယ်ရှိသည်။*

## ဗန်ဒါဗတ်အား ခေါ်ယူရန် မန်ယူပစ်မှတ်ထားနေ

*မန်ယူအသင်းသည် စပိန်လာလီဂါအသင်း ရီးရဲမက်ဒရစ်မှ အသက် ၂၇နှစ်အရွယ်ရှိ တိုက်စစ်မှူး ရာဖေးလ်ဗန်ဒါဗတ်အား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသည်။*

## အက်ဆီယံနှင့် ကိုးလ်အား ရီးရဲမက်ဒရစ်ခေါ်ယူရန် မော်ရင်ဟိုပြောကြား

*လက်ရှိ အင်တာမီလန်အသင်းကို နည်းပြနေရာမှ ရီးရဲနည်းပြအဖြစ် တာဝန်ယူရန် သဘောတူညီထားသူ နည်းပြ ဂျို့စ်မော်ရင်ဟိုက ချယ်လ်ဆီးကြယ်ပွင့်များဖြစ်ကြသည့် မိုက်ကယ်အက်ဆီယံနှင့် အက်ရှ်လေကိုးလ်တို့ နှစ်ဦးအား ပေါင်သန်း ၅၀ဖြင့် ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်းအား ပြောကြားခဲ့သည်။*

## ရစ်ချက်အား ခေါ်ယူရန် စပါးပြင်ဆင်

*မန်စီးတီးမှ အသက် ၂၁နှစ်အရွယ်ရှိ ခံစစ်မှူး မီကက်ချ်ရစ်ချက်အား စပါးက ပေါင်ကိုးသန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေသည်။*

## တိုက်စစ်မှူးဇီဂစ် ဘာမင်ဂမ်သို့ ပြောင်းရွှေ့ရန်သဘောတူ

*အရပ် ခြောက်ပေ ရှစ်လက်မရှိပြီး ကမ္ဘာ့ဖလားတွင် အရပ်အရှည်ဆုံး ဘောလုံးသမားဖြစ်လာမည့် ဗလင်စီယာမှ ဆားဘီးယားတိုက်စစ်မှူး နီကိုလာဇီဂစ်သည် ဘာမင်ဂမ်သို့ ပေါင် ခြောက်သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူပြီဖြစ်သည်။*

## ပီယင်နာ အဲဗာတန်နှင့်စာချုပ် ထပ်မံချုပ်ဆို

*အဲဗာတန်အသင်းသည် စပါးအသင်းက ခေါ်ယူရန် ဆက်သွယ်နေသော ယင်း၏ ကစားသမား စတီဗင်ပီယင်နာအား ပေါင်ငါးသန်းဖြင့် စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။*

## စီးရီးအေသို့ ဂျွန်ကာရူး ပြောင်းရွှေ့ဖွယ်

*အက်စ်တွန်ဗီလာမှ နော်ဝေတိုက်စစ်မှူး ဂျွန်ကာရူးသည် ၄င်းအား စိတ်ဝင်စားနေသော စီးရီးအေအသင်းများဖြစ်ကြသည့် ဖီအိုရင်တီးနားနှင့် ဆမ်ဒိုးရီးယားအသင်းများသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း၊ ဗီလာအသင်းသည် ၄င်း၏ ပြောင်းရွှေ့ကြေးဖြင့် စပါးမှ ရော်ဘီကိန်း သို့မဟုတ် ဖူလ်ဟမ်မှ ဘော်ဘီဇာမိုရာတို့အား အစားထိုး ခေါ်ယူဖွယ်ရှိကြောင်း ဖော်ပြသည်။*

## ယာယာတိုရေးအား ခေါ်ယူရန် မန်ယူစဉ်းစားနေ

*ဘာစီလိုနာအသင်းတွင် နေရာမရဖြစ်နေသော ကွင်းလယ်ကစားသမား ယာယာတိုရေးအား မန်ယူက ပေါင် ၁၈သန်းဖြင့် ကမ်းလှမ်း ခေါ်ယူရန် စဉ်းစားနေသည်။*

## မန်စီးတီးကစားသမားသုံးဦးအား ခေါ်ယူရန် လီဗာပူးစဉ်းစား

*လီဗာပူးအသင်းသည် မန်စီးတီးကစားသမား သုံးဦးဖြစ်သော မီကက်ချ်ရစ်ချက်၊ နီဒမ်အိုနျူယိုဟာနှင့် မိုက်ကယ်ဂျွန်ဆင်တို့အား ပေါင် ၂၂သန်းဖြင့် ခေါ်ယူရန် စဉ်းစားချင့်ချိန်နေသည်။*

## တောင်အာဖရိကအသင်း ရှုံးပွဲမရှိ စံချိန်တင်

*ကမ္ဘာ့ဖလား အိမ်ရှင် တောင်အာဖရိကအသင်းသည် လွန်ခဲ့သော သီတင်းပတ်က ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး နည်းပြ ဖရဲယားလက်ထက် ၁၀ပွဲမြောက် ရှုံးပွဲမရှိ စံချိန်တင်ထားသည်။*

## မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ် မန်ယူခေါ်ယူ

*အသက် ၂၂နှစ်ရှိ မက္ကဆီကို တိုက်စစ်မှူး ဂျာဗီယာ ဟာနန်ဒက်ဇ်အား မန်ယူက ခေါ်ယူစာချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။ ၄င်းသည် ကမ္ဘာ့ဖလားအပြီး ဇူလိုင် ၁ရက်မှစပြီး မန်ယူသို့ ရောက်ရှိလာမည်ဖြစ်သည်။*

## ၂၀၁၆ ဥရောပချန်ပီယံရှစ် ပြင်သစ်ကျင်းပခွင့်ရ

*၂၀၁၆ခုနှစ် ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ပြင်သစ်က တူရကီနှင့် အီတလီတို့ကို ကျော်ဖြတ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသွားသည်။*

## အာဖရိကအသင်းများနှင့် ဘရာဇီးခြေစမ်းမည်

*ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားခြေစမ်းပွဲအဖြစ် ဇွန် ၂ရက်တွင် ဇင်ဘာဘွေအသင်းနှင့်လည်းကောင်း၊ ဇွန် ၇ရက်၌ တန်ဇန်းနီးယားအသင်းနှင့်လည်းကောင်း ခြေစမ်းကစားရန် စီစဉ်ထားသည်။ ။*

*(အင်တာနက်)*

# သစ်သီးဝလံများ အမြောက်အမြားထုတ်လုပ်လိုသူများ အပင်တစ်သျှူးနည်းဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ကြပြီ

သတင်းခရီးသည်-မြင့်မောင်စိုး ● ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ● စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၉

**လက်ရှိမြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခဲ့ပြီဖြစ်ရာ ကျွဲ၊ နွားများဖြင့် ထွန်ယက်လုပ်ကိုင်နေရာမှ ထွန်စက်များ၊ လက်တွန်းထွန်စက်များ အစရှိသည်ဖြင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုလုပ်ကိုင်နေကြပေပြီ။**

တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စက်မှုလယ်ယာ ခေတ်သို့ ပြောင်းလဲရောက်ရှိလာချိန်တွင် ခေတ်မီ လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ်အသုံးပြုနေသကဲ့သို့ တစ်ဖက်တွင်လည်း စိုက်ပျိုးနည်းစနစ် သစ်များနှင့် စိုက်ပျိုးရေးနည်းပညာများရရှိ ဆောင်ရွက်သွားရန် အရေးကြီးလှပေသည်။ သို့မှသာ စက်မှုလယ်ယာခေတ်တွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်မှာ ပီပီပြင်ပြင် အကောင်အထည် ပေါ်လာမည်ဖြစ်သည်။

## မျိုးကောင်းမျိုးသန့်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လယ်ယာထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် စိုက်စနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## မျိုးပွားထုတ်လုပ်

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနသို့ မကြာမီကရောက်ရှိခဲ့ရာ သီးပင်စားပင်များ တစ်သျှူးနည်းဖြင့် မျိုးပွားထုတ်လုပ်လျက်ရှိသည်ကို လေ့လာခွင့်ရခဲ့သည်။

“ကျွန်မတို့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) အနေဖြင့် အပင်တစ်သျှူးမွေးမြူနည်းဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိပါတယ်။ အဲဒါတွေကတော့ အပင် တစ်သျှူးနည်းဖြင့် မျိုးထိန်းခြင်းနဲ့ အပင်တစ်သျှူးနည်းဖြင့် မျိုးပွားထုတ်လုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ အပင်တစ်သျှူးနည်းဆိုတာကတော့ သီးပင်၊ စားပင် အပင်တစ်မျိုးရဲ့ မျိုးဗီဇတစ်ခုတည်းမှ အပင်အမြောက်အမြား ပွားများထုတ်လုပ်ခြင်းဖြစ်ပါတယ်။ အပင်တစ်သျှူးနည်းနဲ့ စိုက်ပျိုးခြင်းဟာ အပင်များတစ်ချိန်တည်းကြီးထွားစေပြီး သစ်သီးဝလံများ တစ်ချိန်တည်း ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ အဲဒီလို သစ်သီးဝလံများ တစ်ချိန်တည်း ရင့်မှည့်ဆွတ်ခူးနိုင်ခြင်းကြောင့် ဈေးကွက်များသို့ တစ်ချိန်တည်း တင်ပို့ရောင်းချခြင်းဖြင့် ငွေအလုံးအရင်းနဲ့ ရရှိစေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့စိုက်ပျိုးရေးထွန်းကားတဲ့ နိုင်ငံအများအပြားမှာ အပင်တစ်သျှူးနည်းနဲ့ စိုက်ပျိုးပြီး သစ်သီးဝလံများ အမြောက်အမြား ထုတ်လုပ်ရောင်းချနေကြပြီ”ဟု အပင်တစ်သျှူးဌာန စိုက်ပျိုးရေးမန်နေဂျာ ဒေါက်တာ ဒေါ်စန်းစန်းရီက မြန်မာ့အလင်းသို့ ရှင်းပြသည်။

**“ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများ စီးပွားဖြစ်ထုတ်လုပ်လိုသူများအနေဖြင့် အပင်တစ်သျှူးနည်းသုံးပြီး အမြောက်အမြားထုတ်လုပ်နိုင်ပါပြီ”**

ဒေါက်တာ ဒေါ်စန်းစန်းရီ
စိုက်ပျိုးရေးမန်နေဂျာ။

“ကျွန်မတို့ဌာနက တစ်သျှူးနည်းဖြင့် မျိုးပွားထုတ်လုပ် ဖြန့်ဖြူးပေးနေတဲ့ မျိုးငါးမျိုးရှိပါတယ်။ အဲဒါတွေကတော့ ငှက်ပျော၊ နာနတ်၊ ဆေးဖက်ဝင် သစ်ခွများ၊ စတော်ဘယ်ရီနဲ့ ရှားစောင်းလက်ပပ်တို့ပဲ ဖြစ်ပါတယ်။ တစ်သျှူးနည်းနဲ့ ငှက်ပျောတစ်ပင်စိုက်ထားရင် အနည်းဆုံးငွေကျပ် ၅၀၀၀၀ ဝင်ငွေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ သစ်သီးဝလံများ အမြောက်အမြား ထုတ်လုပ်ပြီး ဈေးကွက် တင်ပို့ရောင်းချလိုတယ်ဆိုရင်တော့ တစ်သျှူးနည်းနဲ့ စိုက်ပျိုးဖို့ တိုက်တွန်းချင်ပါတယ်” ဟု ဒေါက်တာဒေါ်စန်းစန်းရီက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

## မျိုးထိန်း

ဆက်လက်၍ အပင်တစ်သျှူးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသန်းထိုက်ကလည်း “ကျွန်တော်တို့ ဌာနအနေဖြင့် အပင်တစ်သျှူးနည်းနဲ့ မျိုးထိန်းထားတဲ့ မျိုးတွေကတော့ ငှက်ပျော ၃၅ မျိုး၊ အာလူး ၃၁မျိုး၊ သစ်ခွငါးမျိုး၊ နာနတ်သုံးမျိုး၊ လိမ္မော်နှစ်မျိုး၊ ခြံစည်းရိုးကြက်ဆူတစ်မျိုး၊ ပရိဘောဂယူကလစ်တစ်မျိုး၊ ဆီမွှေးယူကလစ်တစ်မျိုး၊ ဂျင်း(ချင်း)နှစ်မျိုး၊ မန်လာဉစပ်တစ်မျိုး၊ စတော်ဘယ်ရီခြောက်မျိုး၊ ဘလက်ဘယ်ရီတစ်မျိုး၊ ရပ်စ်ဘယ်ရီတစ်မျိုး၊ ရှားစောင်းလက်ပပ်တစ်မျိုး၊ ဂန္ဓမာနှစ်မျိုးနဲ့ ငရုတ်တစ်မျိုးတို့ပဲ ဖြစ်ပါတယ်။

## ဆက်သွယ်နိုင်

တောင်သူများအနေနဲ့ အပင်တစ်သျှူးအကြောင်း လေ့လာချင်လျှင်ဖြစ်စေ၊ အပင်တစ်သျှူးနဲ့ စိုက်ပျိုးချင်လျှင်ဖြစ်စေ၊ လူကိုယ်တိုင် ဒါမှမဟုတ် ဖုန်း-၀၁-၄၃၀၁၄၇ သို့ ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပါတယ်”ဟု ဦးသန်းထိုက်က ရှင်းပြသည်။

## ဈေးကွက်

သို့ပါ၍ စိုက်ပျိုးရေး တောင်သူများအနေဖြင့်လည်းကောင်း၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း သစ်သီးဝလံများ အမြောက်အမြား စီးပွားဖြစ် ထုတ်လုပ်ပြီး ဈေးကွက်တင်ပို့ရောင်းချလိုပါလျှင် အပင်တစ်သျှူးနည်းဖြင့် အမြောက်အမြား စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

**အပင်တစ်သျှူးနည်းဖြင့် ငှက်ပျောပင်များ မျိုးပွားထားမှုကို ဤသို့တွေ့ရသည်။**

**ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ ဒေသခံတောင်သူများအား အပင်တစ်သျှူး မျိုးပွားထုတ်လုပ်မှုအကြောင်း၊ အပင်တစ်သျှူးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးသန်းထိုက်က လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားစဉ်။**

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်သစ်သီးဝလံနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနအဆောက်အအုံကို ဤသို့တွေ့ရသည်။**

---

# မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ထန်းတပင်၌ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက် နံနက် ၉နာရီခွဲက ထန်းတပင် အထကကျောင်း လှိုင်ရတနာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးကော်မတီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းသီက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေကလေးအားလုံး ကျောင်းနေမြဲရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

## လှူဒါန်း

ဆက်လက်၍ အလှူရှင်များက လှူဒါန်းကြရာ အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်အောင်သင်းက ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဗလာစာအုပ် ဒါဇင် ၂၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက ငွေကျပ်ငါးသောင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း ဦးသိန်းရီနှင့် ဦးသန်းမြင့်တို့က ငွေကျပ်နှစ်သောင်းလှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းသီက လက်ခံယူသည်။**(အပေါ်ပုံ)** (၁၈၃)

# မိုင်းဆတ်စည်ပင်သာယာ ကျေးလက်ရေပေးဝေရေး ကွင်းဆင်းဆောင်ရွက်

*မိုင်းဆတ် မေ ၂၉*

*မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေပေးဝေရေးလုပ်ငန်းဖြစ်သော ဝမ်ဝိန့်ရွာ အုတ်ရေကန်တည်ဆောက်ခြင်း၊ ဟိုက်ဒရိုပန့် ရေမော်တာတပ်ဆင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို မေ ၂၇ ရက်က မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းမောင်နှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်အောင်တို့က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်က ရှင်းလင်းတင်ပြသည်။*

*(၁၁၃)*

**ဧရာဝတီတိုင်း ဟသ်ာတခရိုင်နှင့် ဟသ်ာတမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ဟသ်ာတမြို့နယ်အတွင်း လယ်ယာလုပ်ငန်းခွင်ဝင်မည့် တောင်သူလယ်သမားများ၏ ကျွဲနွားများကို ကျေးလက်အရောက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ၂၀ရက်က ခရိုင်ဦးစီးမှူး ဒေါက်တာအေးအေးမာ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာခင်သန်းအေးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာသန်းသန်းမူတို့ကဦးဆောင်၍ ကြက်ခြေပြာသင်တန်းသားများနှင့်အတူ ဟသ်ာတမြို့နယ် ငဖားကျေးရွာတွင် ကျွဲနွား ၈၂၄ ကောင်ကို ဒေါင့်သန်းရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။** (၁၇၇)

## ကျောင်းအပ်နှံရေးနေ့ နေပြည်တော်တပ်ကုန်း၌ကျင်းပ

**နေပြည်တော် မေ ၂၈**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးအထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပင်မဆောင်၌ မေ ၂၅ ရက် နံနက် ၈နာရီကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဌေးအောင်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ဆက်လက်၍ ကျောင်းအပ်နှံရေး ပံ့ပိုးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ငွေကျပ်သိန်း ၈၉၇၀၀၀တန်ဖိုးရှိ သူငယ်တန်း ပုံနှိပ်စာအုပ် အစုံ ၄၁၀၀ကို မြို့နယ်ပညာရေးမှူးက အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်သို့လည်းကောင်း၊ နေပြည်တော်ခရိုင်မှ လှူဒါန်းငွေ ကျပ် ၁၀၀၀၀၀၀ကို မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊**(ယာပုံ)** မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှလှူဒါန်းငွေကျပ် ၅၀၀၀၀ကို မြို့နယ် မိခင်/ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က မြို့နယ်ပညာရေးမှူးသို့လည်းကောင်း ပေးအပ်ကြသည်။ **(ဝ၉၁)**

## စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ရေး သံဖြူဇရပ်မြို့နယ်၌ တာဝန်ပေးအပ်

**သံဖြူဇရပ် မေ ၂၄**

သံဖြူဇရပ်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၆ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလှအောင်နှင့်ရပ်ကွက် ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

**ပေးအပ်**

အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် မြို့နယ်၏စီမံကိန်း ဆိုင်ရာ တာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ဌာနဆိုင်ရာများ၊ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ ဆက်)**

## ယိမ်းအကယှဉ်ပြိုင်မှု ဆုချီးမြှင့်ပွဲ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ကျင်းပ

**ရန်ကုန် မေ ၂၈**

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၉ရက်က လှိုင်မြို့နယ် လှိုင်မင်္ဂလာ ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်မှ ယာဉ်အလှပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော ဆုဖလားကို စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌဦးတင့်လွင်နှင့် သီရိမင်္ဂလာဈေး ကော်မတီ ဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့က ခရိုင် အတွင်းရေးမှူး ဦးစိုးမြင့်ထံ အပ်နှံကြသည်။

**ဆုများချီးမြှင့်**

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မဏ္ဍပ်တွင် ပြိုင်ပွဲဝင်ခဲ့ကြသော ဆုရယိမ်း အဖွဲ့များအား ဆုများချီးမြှင့်ခဲ့ကြရာ ပထမဆု ရရှိသော ကြည့်မြင်တိုင်မြို့နယ် ယိမ်းအက အဖွဲ့ကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က လည်းကောင်း၊ **(အောက်ဝဲပုံ)** ဒုတိယဆု ရရှိသော လမ်းမတော်ယိမ်းအကအဖွဲ့ကို ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်အေးက လည်းကောင်း၊ တတိယဆုရရှိသော လှိုင်မြို့နယ်ယိမ်းအကအဖွဲ့ကို သီရိကုဋေကြွယ် ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲအောင်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## Skill Training သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

**MAT Professional Training & Services နှင့် Guardian Independent Certification Ltd. (UK) ပူးပေါင်း၍ ISO QMS 9000 Internal Auditing Skill Training သင်တန်းဖွင့်ပွဲကို မေ ၂၀ရက်တွင် အမှတ် ၃၅၅ သိမ်ဖြူလမ်း MAT သင်တန်းကျောင်း၌ ကျင်းပသည်။**

**ချီးမြှင့်**

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ ISO လက်မှတ်ရကုမ္ပဏီများ၊ ISO လက်မှတ်ရယူလိုသော ကုမ္ပဏီများ အစရှိသည့် ကုမ္ပဏီ ၂၂ခု၊ INGO များနှင့် အခြားစိတ်ပါဝင်စားသူ သင်တန်းသား ၈၀ကျော် တက်ရောက်ခဲ့ကြပြီး IRCA-UK Registered QMS Auditor (GIC International Ltd. (UK), Dr. Tin Latt က ပို့ချကာ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားအားလုံးအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် ISO QMS နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်ကြောင်း၊ HACCP, ISO 22000 သင်တန်းများ၊ Marketing သင်တန်းများ၊ Auditing သင်တန်းများကို လစဉ်ပို့ချလျက်ရှိကြောင်း သိရသည်။ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI , ACCA, CAT နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိသည်။

**စုံစမ်းနိုင်**

စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services, ဖုန်း- ၂၄၆၆၁၈၊ ၇၃၀၀၂၉၅၈၊ ၂၄၂၄၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လောကပြုတင်းရွှေနံ့သာ စာကြည့်တိုက်သစ်ဖွင့်ပွဲ ယင်းမာပင်မြို့နယ် နံ့သာကုန်းကျေးရွာ၌ ကျင်းပ

**ယင်းမာပင် မေ ၂၃**

**မုံရွာခရိုင် ယင်းမာပင်မြို့နယ် အင်းကျေးရွာအုပ်စု နံ့သာကုန်းကျေးရွာ လောကပြုတင်းရွှေနံ့သာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် စာကြည့်တိုက်အလှူရှင် ဦးဖေစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။** (အောက်ပုံ)

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက သုတရသစာအုပ်မျိုးစုံ စာစောင် ၃၅အုပ်ကို ပေးအပ်လှူဒါန်းကြသည်။

ညပိုင်းတွင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာသန်လျင်မောင်မောင်ဦးနှင့် ဆရာကောက်နွယ်ကနောင်တို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်သည် ငွေကျပ် ၄၈သိန်းတန် သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး နံ့သာကုန်းကျေးရွာနေ အလှူရှင် ဦးဖေစိန်-ဒေါ်အေးကြိုင် မိသားစုတို့က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## ပြည်နယ်ရဲတပ်ဖွဲ့ သားသမီးများအား ပညာသင်ကြေးထောက်ပံ့

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ရက်က ဘားအံမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူ ၅၄ဦးကို ပညာသင်ထောက်ပံ့ကြေး ကျပ် ၄၆၇၀၀၀နှင့် ကျောင်းဝတ်စုံ ကျောင်းသုံးစာရေးကိရိယာ တန်ဖိုးငွေ ကျပ် ၄၀၅၀၀၀ စုစုပေါင်း ကျပ် ၈၇၂၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တပ်ဖွဲ့ဝင်များ၏ သားသမီးများကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်နှင့် တာဝန်ရှိသူများက ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ) (ပြည်နယ် ပြန်/ဆက်)**

## မြို့နယ် သတင်း ထွေတလာ

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်ပေးခဲ့သော တန့်ယန်း မြို့ ရပ်ကွက်(၅)နေ ပြည်သူများ မြို့ပြရေပေးရေး ကန်မှ သောက်သုံးရေများ ဖူလုံစွာသုံးစွဲနေမှုကို တန့်ယန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

## အသိပညာပေးဟောပြောပွဲ ဆီဆိုင်၌ကျင်းပ

**ဆီဆိုင် မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသည့် အမျိုးသမီးငယ်များ လွဲမှားသော အယူအဆများမရှိစေရန် အသိပညာပေး ဟောပြောခြင်း အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၉နာရီက ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆီဆိုင်မြို့မခြောက်ရပ်ကွက်ရှိ အမျိုးသမီးငယ် ၁၀၀ခန့်တက်ရောက်ကြသည်။

**ပညာပေးဟောပြော**

အခမ်းအနားတွင် တက်ရောက်လာကြသော ရပ်ကွက်အမျိုးသမီးငယ်များအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက နယ်စပ်ဒေသနှင့် နီးစပ်လျက်ရှိနေသော ဆီဆိုင်မြို့နယ်မှ ဒေသခံတိုင်းရင်းသူကလေးများသည် တိုင်းတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှုများအပေါ် နားယောင်၍ မိမိဒေသအပေါ်၊ မိမိတို့နိုင်ငံအပေါ် လွဲမှားသော အတွေးအခေါ်အယူအဆမှားများနှင့် သံသယစိတ်ဓာတ်များ မဖြစ်ပေါ်ရေးတို့ကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။

**(ဝ၁၅)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# စည်ပင်ဖွံ့ဖြိုး ငွေတောင်နယ် အလှတိုး

သတင်းခရီးသည် ➢ ကိုတင်လှိုင် (မိတ္ထီလာ)၊ ဓာတ်ပုံမှတ်တမ်း ➢ ကိုသန့်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

**လှိုင်ကော် မေ ၂၉**

စိမ်းလန်းစိုပြည်နေသော ကယားပြည်နယ်….။ လှပဝေဖြာနေသော ကယားပြည်နယ်….။ မြို့ပြ၊ ကျေးလက်ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် မြင်ကွင်းများကို နေရာတိုင်း၌ တွေ့မြင်နေရပြီဖြစ်သည်။

ဒေသခံ ပြည်သူများ သွားလာရေးလွယ်ကူစေရန်ဆောင်ရွက်ခဲ့သော လှိုင်ကော်မြို့ စောဗျာနူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဤသို့ တွေ့ရသည်။

### ဒီမော့ဆိုမြို့

ကယားပြည်နယ် လှိုင်ကော်မြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် ဒီမော့ဆိုမြို့တွင်းရှိ လမ်းများဖြစ်သော မြို့နယ်ခန်းမ အဝင်အထွက်လမ်းကို အလျား ပေ ၂၇၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းခင်းခြင်း၊ ငွေတောင်လမ်းကို အလျား ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်းခင်းခြင်း၊ မြို့ပြသာယာလှပရေးအတွက် ဗန္ဓုလလမ်းကို အလျား ၂၅၇၅ ပေ၊ အကျယ် ၁၂ပေ ကျောက်ချောလမ်းခင်းခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့သည်။

### သောက်သုံးရေရရှိရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါတမငယ် သစ်သားတံတားတစ်စင်းနှင့် ဘုရားငုတ်တို သစ်သားတံတားတစ်စင်း တည်ဆောက်ပေးခဲ့သည်။ ဒီမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြရေပေးရေးအတွက် စည်ပင်ရပ်ကွက်တွင် ပေ ၂၀၀အနက် စက်ရေတွင်း တစ်တွင်းနှင့် ဒေါင်ခါးရပ်ကွက်၌ ပေ ၂၀၀ အနက် စက်ရေတွင်းတစ်တွင်းတို့ကို တူးဖော်ပေးခဲ့သည်။ တစ်ဖန်ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နန်းမယ်ခံကျေးရွာတွင် ပေ ၂၀၀ အနက်

*စာမျက်နှာ ၇ ကော်လံ ၁* ✻

**မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား**

### အမြွှာမွေးဖွားသည့် အသက် ၆၀ အမျိုးသမီးကြီး

ကိုသစ္စာ-ရေးသားသည်

*တရုတ်နိုင်ငံ အရှေ့ပိုင်း အင်ဟွေးပြည်နယ် ဟီဖိုင်မြို့တွင် နေထိုင်သော အသက် ၆၀ အမျိုးသမီးကြီးတစ်ဦးသည် အမြွှာမိန်းကလေး နှစ်ဦးကို မေ ၂၂ရက်က အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သည်။ ချန်လင်းအမည်ရှိ အသက် ၆၀အရွယ် အမျိုးသမီးကြီးသည် ၃၄ ပတ်ကြာ ကိုယ်ဝန်ဆောင်ခဲ့ပြီးနောက် ဟီဖိုင်မြို့ဆေးရုံတွင် ဆရာဝန်များ၏ အကူအညီဖြင့် အမြွှာသမီးငယ်နှစ်ဦးကို အခက်အခဲမရှိ မွေးဖွားနိုင်ခဲ့ခြင်းဖြစ်သည်။*

*ကျန်းမာ*

*ယခုအခါ မိခင်နှင့် သမီးများ ကျန်းမာလျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် အမြွှာမွေးဖွားသည့် မိခင်များအနက် အသက်အကြီးဆုံးမိခင်အဖြစ် မှတ်တမ်းတင်ဖော်ပြခံရသည်။ (အင်တာနက်)*

### အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မေ ၂၉**

မေ ၂၉ရက် နံနက် ၈နာရီ ၅၉မိနစ် ၃၄စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၁၁၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (တရုတ်နိုင်ငံ ကွန်းမင်းပြည်နယ် တောင်ပိုင်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**